မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

**အမှတ် ၃၇ ]** ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက် ( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက် ) } **သောကြာနေ့ [ အတွဲ ၆၆**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## <u>အပိုင်း ၁</u>

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၃၅/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် )

**မကွေးတိုင်းဒေသကြီး ဥပဒေချုပ်အား တာဝန်မှရပ်စဲခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) ပါ ပြဋ္ဌာန်းချက်အရ မကွေးတိုင်းဒေသကြီးဥပဒေချုပ် ဦးမောင်မောင်ဖြူတင့်အား လုပ်ငန်းတာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်ခြင်းကြောင့် တာဝန်မှ ရပ်စဲလိုက်သည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၉/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| | **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးကျော်စွာစိုး<br>ညွှန်ကြားရေးမှူးချုပ်<br>စက်မှုနည်းပညာမြှင့်တင်ရေးနှင့်<br>ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ခ) | ဒေါက်တာအေးမြင့်<br>ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ် (မန္တလေး)<br>စက်မှုနှင့်သက်မွေးပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်နည်းပညာတက္ကသိုလ်<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ဂ) | ပါမောက္ခဒေါက်တာဒေါ်စန်းစန်းနွဲ့<br>ပါမောက္ခချုပ်<br>ဆေးဝါးတက္ကသိုလ် (မန္တလေး)<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးဝါးတက္ကသိုလ် (ရန်ကုန်)<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ညွှန်ကြားရေးမှူး (ကမ်းလွန်) ဦးမျိုးမြင့်ဦးအား ယင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် )

**လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့်**
**ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင် တိုးချဲ့ဖွဲ့စည်းခြင်း**

၁။ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်ကို ဇလွန်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ် အပါအဝင် (၇၉) ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ လက်တွေ့လုပ်ငန်းအခြေအနေအရ အင်အားလုံလောက်မှုမရှိပါသဖြင့် ယင်းကော်မရှင်အား အင်အားထပ်မံတိုးချဲ့ပေးရန် လိုအပ်လာပါသည်။

၂။ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော် နာယကသည် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်တွင် အောက်ပါပုဂ္ဂိုလ်များကို ထပ်မံတိုးချဲ့ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးဌေးဝင်း | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>လယ်ဝေးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ခ) | ဦးသန်းစိုး | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>သာစည်မဲဆန္ဒနယ် | အဖွဲ့ဝင် |

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက် )

**၂၀၁၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၂၀၁၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **"၂၀၁၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ကျင်းပရေးဗဟိုကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဦးနန္ဒကျော်စွာ<br>ဒုတိယနာယက<br>ပြည်ထောင်စုလွှတ်တော် | နာယက |

| | | |
|---|---|---|
| (ခ) | ဦးမြညိမ်း<br>ဒုတိယဥက္ကဋ္ဌ<br>အမျိုးသားလွှတ်တော် | နာယက |
| (ဂ) | ဦးငွေဦး<br>ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>ဟသ်ာတမြို့နယ်မဲဆန္ဒနယ်<br>ဧရာဝတီတိုင်းဒေသကြီး<br>ဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော်<br>နိုင်ငံသားများ၏မူလအခွင့်အရေး၊<br>ဒီမိုကရေစီအရေးနှင့်လူ့အခွင့်အရေးဆိုင်ရာကော်မတီ | ဥက္ကဋ္ဌ |
| (ဃ) | ဦးဇော်မြင့်ဖေ<br>အမျိုးသားလွှတ်တော်ကိုယ်စားလှယ်<br>မဲဆန္ဒနယ်အမှတ် (၅)၊ မန္တလေးတိုင်းဒေသကြီး<br>ဥက္ကဋ္ဌ<br>အမျိုးသားလွှတ်တော်<br>ဥပဒေကြမ်းကော်မတီ | ဒုတိယဥက္ကဋ္ဌ |
| (င) | ဦးသိန်းဇော်<br>ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>မြစ်ကြီးနားမဲဆန္ဒနယ်<br>ကချင်ပြည်နယ်<br>ဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော်<br>တိုင်းရင်းသားရေးရာနှင့်<br>ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ | အဖွဲ့ဝင် |
| (စ) | ဦးလှမြင့်ဦး<br>ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>ပျဉ်းမနားမဲဆန္ဒနယ်<br>မန္တလေးတိုင်းဒေသကြီး<br>ဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော်<br>နိုင်ငံတကာဆက်ဆံရေးကော်မတီ | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာမြဦး<br>အမျိုးသားလွှတ်တော်ကိုယ်စားလှယ်<br>မဲဆန္ဒနယ်အမှတ် (၉)<br>ပဲခူးတိုင်းဒေသကြီး<br>ဥက္ကဋ္ဌ<br>အမျိုးသားလွှတ်တော်<br>ပညာရေး၊ ကျန်းမာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီ | အဖွဲ့ဝင် |

(၈) ဦးအောင်ထွန်း အဖွဲ့ဝင်
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
မဲဆန္ဒနယ်အမှတ် (၁၁)
မကွေးတိုင်းဒေသကြီး
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်
အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်
တာဝန်ခံချက်များစိစစ်ရေးကော်မတီ

(၉) ဦးမောင်တိုး အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
မင်းလှမဲဆန္ဒနယ်
ပဲခူးတိုင်းဒေသကြီး
အတွင်းရေးမှူး
ပြည်သူ့လွှတ်တော်
ပြည်သူ့ငွေစာရင်းကော်မတီ

(၁၀) ဦးငွေးဝင်း အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
လယ်ဝေးမဲဆန္ဒနယ်
မန္တလေးတိုင်းဒေသကြီး
အတွင်းရေးမှူး
ပြည်သူ့လွှတ်တော်
တောင်သူလယ်သမား၊
အလုပ်သမားနှင့်လူငယ်ရေးရာကော်မတီ

(၁၁) ဦးခင်မောင်ငွေး အဖွဲ့ဝင်
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
မဲဆန္ဒနယ်အမှတ် (၁၀)
မန္တလေးတိုင်းဒေသကြီး
အတွင်းရေးမှူး
အမျိုးသားလွှတ်တော်
အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်
တာဝန်ခံချက်များစိစစ်ရေးကော်မတီ

(၁၂) ဦးမှတ်ကြီး အဖွဲ့ဝင်
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
မဲဆန္ဒနယ်အမှတ် (၉)
မန္တလေးတိုင်းဒေသကြီး
အတွင်းရေးမှူး
အမျိုးသားလွှတ်တော်
ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ

(ဍ) ဦးအောင်စိုးမြင့် — အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
တောင်ငူမဲဆန္ဒနယ်
ပဲခူးတိုင်းဒေသကြီး
အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်
ပြည်သူ့ငွေစာရင်းကော်မတီ

(ဎ) ဦးမြင့်စိုး — အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ပျော်ဘွယ်မဲဆန္ဒနယ်
မန္တလေးတိုင်းဒေသကြီး
အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်
လွှတ်တော်အခွင့်အရေးကော်မတီ

(ဏ) ဥက္ကဋ္ဌမှခန့်အပ်သူ — အတွင်းရေးမှူး

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက် )

**ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၈။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၈။ )

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဓာတုပစ္စည်း**ဆိုသည်မှာ လူနှင့်တိရစ္ဆာန်တို့၏ ကျန်းမာရေးကိုသော်လည်းကောင်း၊ အသက်ကိုသော်လည်းကောင်း အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် သဘာဝပတ်ဝန်းကျင်အား ဆိုးကျိုးသက်ရောက်မှုဖြစ်စေသည့် သဘာဝအရဖြစ်စေ၊ လူတို့ပြုလုပ်ဖန်တီးရာမှဖြစ်စေ ထွက်ပေါ်လာသော ဓာတုဒြပ်စင်၊ ဒြပ်ပေါင်းနှင့် ဒြပ်နှော၊များကို ဆိုသည်။ ယင်းစကားရပ်တွင် ဓာတုဒြပ်စင်၊ ဒြပ်ပေါင်းနှင့် ဒြပ်နှောများကို နည်းပညာအရ ဓာတ်ပြုပေါင်းစပ်ခြင်းဖြင့် ရရှိသော အခိုးအငွေ့၊ အရည်၊ အဆီနှင့် အစိုင်အခဲစွန့်ပစ်ပစ္စည်းများလည်း ပါဝင်သည်။

(ခ) **ဆက်စပ်ပစ္စည်း**ဆိုသည်မှာ ဓာတုပစ္စည်းမှထွက်ပေါ်လာသော အန္တရာယ်ဖြစ်စေသည့် ဆင့်ပွားပစ္စည်းများကို ဆိုသည်။

(ဂ) **ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်း**ဆိုသည်မှာ ဓာတုပစ္စည်းကိုဖြစ်စေ၊ ဆက်စပ်ပစ္စည်းကိုဖြစ်စေ သိုလှောင်ခြင်း၊ နည်းပညာအရပြုပြင်ခြင်း၊ စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း သို့မဟုတ် စွန့်ပစ်ခြင်းပြုသည့်လုပ်ငန်းကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စက်မှုဝန်ကြီးဌာနကို ဆိုသည်။

(င) **ဗဟိုဦးစီးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့ကို ဆိုသည်။

(စ) **ဗဟိုကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

(ဆ) **ကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးအတွက် ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင် သို့မဟုတ် မြို့နယ်ကြီးကြပ်ရေးအဖွဲ့များကို ဆိုသည်။

(ဇ) **စစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့ကို ဆိုသည်။

(ဈ) **လိုင်စင်**ဆိုသည်မှာ ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်း လုပ်ကိုင်ရန် ဤဥပဒေအရ ဗဟိုကြီးကြပ်ရေးအဖွဲ့က ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

(ည) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ မှတ်ပုံတင်ထားသည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအတွက် ဤဥပဒေအရ ဗဟိုကြီးကြပ်ရေးအဖွဲ့က ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(ဋ) **အမျိုးသားအဆင့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများစာရင်း**ဆိုသည်မှာ မြန်မာနိုင်ငံအတွင်း မည်သည့်လုပ်ငန်းတွင်မဆို အသုံးပြုနိုင်ရန် ဗဟိုဦးစီးအဖွဲ့က အမျိုးအစားခွဲခြားသတ်မှတ်ထားသော ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ၏ အမျိုးသားအဆင့်စာရင်းကို ဆိုသည်။

(ဌ) **အမျိုးအစားခွဲခြားခြင်း**ဆိုသည်မှာ သာမန်ဓာတုပစ္စည်း၊ ကန့်သတ်ဓာတုပစ္စည်းနှင့် တားမြစ်ဓာတုပစ္စည်းများဟူ၍ ခွဲခြားခြင်းကို ဆိုသည်။

(ဍ) **သိုလှောင်ရုံ**ဆိုသည်မှာ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းမပြုမီ ပြည်တွင်းတွင် သုံးစွဲနိုင်ရေးအတွက် ပြည်ပမှ တင်သွင်းသော အန္တရာယ်ရှိနိုင်သည့်ပမာဏရှိသော ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို သိုလှောင်ရန် စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ထားသော အဆောက်အအုံ သို့မဟုတ် သိုလှောင်ကန်ကို ဆိုသည်။

(ဎ) **အန္တရာယ်သတိပေးအမှတ်အသားကပ်ခြင်း**ဆိုသည်မှာ ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်း ထည့်သောဘူး၊ ပုလင်း၊ ကတ်ပြား၊ ဘူးခွံများနှင့် ထုပ်ပိုးပစ္စည်းများ၊ ယင်းတို့ကို သိုလှောင်သိမ်းဆည်းထားသော သိုလှောင်ရုံများ၊ ယင်းတို့ကို သယ်ယူပို့ဆောင်သောယာဉ်များတွင် သတ်မှတ်ချက်များနှင့်အညီ အန္တရာယ်ဖော်ပြချက် သတိပေးအမှတ်အသားကပ်ခြင်းကို ဆိုသည်။

(ဏ) **မူလဓာတ်ခွဲခန်း**ဆိုသည်မှာ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းနမူနာများကို ဓာတ်ခွဲစစ်ဆေးရန် ဗဟိုဦးစီးအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသောဓာတ်ခွဲခန်းကို ဆိုသည်။

(တ) **အယူခံဓာတ်ခွဲခန်း**ဆိုသည်မှာ မူလဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ လိုအပ်သည့်အခါ ထပ်မံစစ်ဆေးပြီး အပြီးသတ်အဆုံးအဖြတ်ပြုနိုင်ရန် ဗဟိုဦးစီးအဖွဲ့က သီးခြား သတ်မှတ်ပေးသောဓာတ်ခွဲခန်းကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကြောင့် သက်ရှိသတ္တဝါများအား ဘေးအန္တရာယ်ဖြစ်စေခြင်းနှင့် သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များကို ထိခိုက်ပျက်စီးစေခြင်းမှ ကာကွယ်ရန်၊

(ခ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းကို ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် စနစ်တကျကြီးကြပ်ကွပ်ကဲရန်၊

(ဂ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို စနစ်တကျသုံးစွဲစေရေးအတွက် ပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်နှင့် သတင်းအချက်အလက်များ ရယူသောစနစ်ကို ဆောင်ရွက်ရန်၊

(ဃ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်။

## အခန်း (၃)
## ဗဟိုဦးစီးအဖွဲ့ ဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဗဟိုဦးစီးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန — ဥက္ကဋ္ဌ

(၂) ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(၃) ပြည်ထောင်စုဝန်ကြီးများ သို့မဟုတ် ဒုတိယဝန်ကြီးများ<br>သက်ဆိုင်ရာဝန်ကြီးဌာနများ — အဖွဲ့ဝင်

(၄) ကော်မတီဥက္ကဋ္ဌများ<br>သက်ဆိုင်ရာမြို့တော်စည်ပင်သာယာရေး — အဖွဲ့ဝင်

(၅) ကျွမ်းကျင်သူပညာရှင်တစ်ဦး — တွဲဖက်အတွင်းရေးမှူး (၁)

(၆) ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး (၂)

(၇) ညွှန်ကြားရေးမှူးချုပ်<br>စက်မှုညွှန်ကြားရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန — အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုဦးစီးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ဗဟိုဦးစီးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ဗဟိုဦးစီးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ မူဝါဒ ချမှတ်ခြင်း၊

(ခ) ထုတ်လုပ်ခြင်း၊ ပြုပြင်ဖော်စပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူး ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းမပြုရန် တားမြစ်ပိတ်ပင်သည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်း၏ အမျိုးအမည်နှင့်ပမာဏကို သတ်မှတ်ခြင်း၊

(ဂ) လိုင်စင်သက်တမ်းနှင့် မှတ်ပုံတင်လက်မှတ်သက်တမ်းတို့ကို သတ်မှတ်ခြင်း၊

(ဃ) လိုင်စင်လျှောက်ထားသူနှင့် မှတ်ပုံတင်လက်မှတ်လျှောက်ထားသူတို့၏ အရည်အချင်းနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(င) အန္တရာယ်သတိပေးအမှတ်အသားကပ်ခြင်းနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များကို သတ်မှတ် ခြင်းနှင့် ထုတ်ပြန်ခြင်း၊

(စ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ သိုလှောင်ထားရှိမည့် သိုလှောင်ရုံတည်ဆောက်သင့်သော နေရာ သတ်မှတ်ခြင်း၊ သိုလှောင်ရုံနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဆ) မူလဓာတ်ခွဲခန်းနှင့် အယူခံဓာတ်ခွဲခန်းများကို သတ်မှတ်ခြင်း၊

(ဇ) အမျိုးသားအဆင့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများစာရင်းနှင့်စပ်လျဉ်း၍ အမျိုးအစားခွဲခြားခြင်း၊ စာရင်းထုတ်ပြန်ခြင်း၊ ယင်းတို့၏ကန့်သတ်ချက်များကို သတ်မှတ်ခြင်းနှင့် နိုင်ငံတကာစံချိန်စံညွှန်းများအရသော်လည်းကောင်း၊ သုတေသနစမ်းသပ်တွေ့ရှိချက်အရသော်လည်းကောင်း အမျိုးအစားခွဲခြားခြင်းကို ပြန်လည်ပြင်ဆင်ခြင်း၊

(စျ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းတွင် အလုပ်လုပ်ကိုင်သူများ၏ ကျန်းမာရေး၊ အသက်အန္တရာယ် တိုက်ရိုက်ထိခိုက်မှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမှတစ်ဆင့် လူနှင့်တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် အသက်အန္တရာယ်အား သွယ်ဝိုက်ထိခိုက်မှုတို့ကို ကြိုတင်ဆန်းစစ်မှုပြုလုပ်ခြင်းနှင့် ထိရောက်သောစီမံခန့်ခွဲမှုကို ဆောင်ရွက်ခြင်း၊

(ည) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင်အား ဆိုးကျိုးသက်ရောက်မှုကို ဆန်းစစ်မှုပြုလုပ်ခြင်းနှင့် ထိရောက်သောစီမံခန့်ခွဲမှုကို ဆောင်ရွက်ခြင်း၊

(ဋ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကြောင့် လူနှင့်တိရစ္ဆာန်တို့၏ကျန်းမာရေးကို အန္တရာယ်ဖြစ်မှုနှင့် ပတ်ဝန်းကျင်သို့ ဆိုးကျိုးသက်ရောက်မှုအား အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် လိုအပ်သောအဖွဲ့များ ဖွဲ့စည်း၍ တာဝန်ပေးခြင်းနှင့် အရေးယူခြင်း၊

(ဌ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာအကြံပေးအဖွဲ့နှင့် အခြားပညာရပ်ဆိုင်ရာအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းခြင်း၊

(ဍ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

၆။ ဗဟိုဦးစီးအဖွဲ့သည် မိမိ၏လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

## အခန်း (၅)
## ဗဟိုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ ဗဟိုဦးစီးအဖွဲ့သည် -

(က) စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သောဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့ကိုဖွဲ့စည်းရမည်။ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဗဟိုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူပညာရှင်များအား အဖွဲ့ဝင်များအဖြစ် ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၈။ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများက ထုတ်လုပ်သော ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများသည် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် လမ်းညွှန်ခြင်း၊

(ခ) ဗဟိုဦးစီးအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင် သို့မဟုတ် မြို့နယ်ကြီးကြပ်ရေးအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဂ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ခြင်း၊

(ဃ) အမျိုးသားအဆင့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများစာရင်းတွင် ပြင်ဆင်သင့်သော သို့မဟုတ် ဖြည့်စွက်သင့်သော သို့မဟုတ် ပယ်ဖျက်သင့်သော ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းအမျိုးအမည်ကို ဗဟိုဦးစီးအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(င) ခွင့်ပြုချက်ဖြင့် သုံးစွဲသော ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဝယ်ယူခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်းနှင့် စွန့်ပစ်ခြင်းတို့ကို စနစ်တကျရှိစေရေးအတွက် ပညာပေးရေးလုပ်ငန်းကို ဆောင်ရွက်ခြင်း၊

(စ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများနှင့်စပ်လျဉ်း၍ မတော်တဆဖြစ်ပွားမှုများကို ကာကွယ်ရန်နှင့် လျော့ပါးစေရန် လုံခြုံရေးကိရိယာများ၊ ကိုယ်ခန္ဓာကာကွယ်ရေးကိရိယာများ ထားရှိခြင်းနှင့် စနစ်တကျသုံးစွဲတတ်စေရန် ပြည်တွင်း၊ ပြည်ပသင်တန်းများ တက်ရောက်စေခြင်း၊

(ဆ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရေး၊ သုံးစွဲရေးနှင့် စွန့်ပစ်ရေးဆိုင်ရာ နည်းလမ်းများနှင့် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊

(ဇ) အပြည်ပြည်ဆိုင်ရာသဘောတူညီချက်အရ တားမြစ်ထားသော ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ယင်းတို့ကို ထည့်သွင်းအသုံးပြုသော စက်ကိရိယာများကိုလည်းကောင်း ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းများမပြုရန် တားမြစ်ပိတ်ပင်ခြင်း၊

(စျ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများမှ ထွက်ရှိလာသော အခိုးအငွေ့၊ အရည်၊ အဆီနှင့်အစိုင်အခဲစွန့်ပစ်ပစ္စည်းများ၊ ပျက်စီးနေသော သို့မဟုတ် သက်တမ်းလွန်သောဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို ဖျက်ဆီးခြင်း၊ စုပုံခြင်း၊ စွန့်ပစ်ခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ည) ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းများကို နိုင်ငံတွင်းမှတစ်ဆင့် ဖြတ်သန်းကုန်သွယ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းကိစ္စအတွက် ထောက်ခံချက်ကို ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဋ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ၏ အန္တရာယ်အဆင့်နှင့် အန္တရာယ်အမျိုးအစားများကို သတ်မှတ်ခြင်း၊

(ဌ) လိုင်စင်စည်းကမ်းချက်များနှင့် မှတ်ပုံတင်လက်မှတ်စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဍ) ဗဟိုဦးစီးအဖွဲ့က ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို အန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ လမ်းညွှန်ချက်များကိုလည်းကောင်း၊ ထူးခြားသောအခြေအနေတွင် တာဝန်ယူလုပ်ဆောင်ရမည့် လမ်းညွှန်ချက်များကိုလည်းကောင်း ရေးဆွဲ၍ စီမံချက်ချမှတ်ဆောင်ရွက်ရမည်။

## အခန်း (၆)

## စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၀။ သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့များသည် -

(က) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရန် စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေး

ဦးစီးဌာန၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ဓာတုဗေဒကျွမ်းကျင်သူ အနည်းဆုံးတစ်ဦး ပါဝင်သော စစ်ဆေးရေးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့သည် မိမိ၏ဆောင်ရွက်ချက်များကို သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ကာလအတွင်း တင်ပြရမည်။

၁၁။ စစ်ဆေးရေးအဖွဲ့သည် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများကို စစ်ဆေးရာတွင် သတ်မှတ်ချက်များနှင့်အညီ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ခြောက်လလျှင် တစ်ကြိမ် ပုံမှန်စစ်ဆေး၍ အစီရင်ခံစာကို သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ တင်ပြခြင်း၊

(ခ) ခြောက်လလျှင် တစ်ကြိမ် ပုံမှန်စစ်ဆေးမှု၏ကြားကာလတွင် ရှောင်တခင်စစ်ဆေးခြင်းနှင့် သတင်းအရ စစ်ဆေးခြင်းကို ဆောင်ရွက်ခြင်း၊

(ဂ) ထူးခြားသောအခြေအနေများ စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ ချက်ချင်းအကြောင်းကြားတင်ပြခြင်း၊

(ဃ) ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့တို့က ပေးအပ်သော တာဝန်များကို တိကျစွာလိုက်နာဆောင်ရွက်ခြင်း။

၁၂။ (က) သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့သည် နယ်စပ်ကုန်သွယ်မှုစခန်းများ၊ ဆိပ်ကမ်းများနှင့် အခြားလိုအပ်သော နေရာများတွင် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းထားရှိနိုင်သည်။ ထိုသို့ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့များသည် ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၁၁ တို့ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့သည် ပြည်ပမှ တင်သွင်းလာသော ဘေးအန္တရာယ်ဖြစ်စေသည့် ဓာတုပစ္စည်းများကို သတ်မှတ်ထားသောနည်းလမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုပ်ပိုးခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်းရှိ မရှိကို လိုအပ်သလို စစ်ဆေးရမည်။ ထိုသို့စစ်ဆေးရာတွင် ထူးခြားသောအခြေအနေများရှိပါက သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့ကို ချက်ချင်းတင်ပြရမည်။

## အခန်း (၇)

## ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်

၁၃။ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်နှင့်တကွ သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

၁၄။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် -

(က) ပုဒ်မ ၁၃ အရ လိုင်စင်လျှောက်ထားချက်များကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) လိုင်စင်ထုတ်ပေးရန် ခွင့်ပြုပါက လိုင်စင်ခပေးသွင်းစေပြီး စည်းကမ်းချက်များနှင့်အတူ လိုင်စင်ကို ထုတ်ပေးရမည်။

၁၅။ လိုင်စင်ရရှိသူသည် သက်ဆိုင်ရာ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းကို စတင်လုပ်ကိုင်ခြင်းမပြုမီ -

(က) စက်ပစ္စည်းကိရိယာများ၏ လုံခြုံစိတ်ချမှုနှင့် ခံနိုင်ရည်ရှိမှုတို့အတွက် သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးခြင်းကို ခံယူရမည်။

(ခ) တာဝန်ထမ်းဆောင်မည့်သူများကို သက်ဆိုင်ရာပြည်ပသင်တန်းများ သို့မဟုတ် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ဖွင့်လှစ်သော ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်မှုသင်တန်းများနှင့် ကျွမ်းကျင်မှုသင်တန်းများသို့ တက်ရောက်စေရမည်။

၁၆။ လိုင်စင်ရရှိသူသည် -

(က) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် ညွှန်ကြားချက်များကို မိမိကိုယ်တိုင် လိုက်နာရမည့်အပြင် လုပ်ငန်းတွင် တာဝန်ထမ်းဆောင်သူများက တိကျစွာလိုက်နာစေရန်လည်း ဆောင်ရွက်ရမည်။

(ဂ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းတွင် လိုအပ်သော လုံခြုံရေးကိရိယာများ လုံလောက်စွာထားရှိရမည့်အပြင် လုပ်ငန်းတွင် တာဝန်ထမ်းဆောင်သူများအား ကိုယ်ခန္ဓာကာကွယ်ရေးကိရိယာနှင့် ဝတ်စုံများကို အခမဲ့ထုတ်ပေးရမည်။

(ဃ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းတွင် တာဝန်ထမ်းဆောင်သူများအား လုပ်ငန်းခွင်လုံခြုံရေးကိရိယာ၊ ကိုယ်ခန္ဓာကာကွယ်ရေးကိရိယာနှင့်ဝတ်စုံများကို စနစ်တကျသုံးစွဲတတ်စေရန် သင်တန်းပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် လိုအပ်သလို ညွှန်ကြားခြင်းများပြုရမည်။

(င) လူနှင့်တိရစ္ဆာန်များ၏ ကျန်းမာရေးကိုလည်းကောင်း၊ ပတ်ဝန်းကျင်ကိုလည်းကောင်း ဘေးအန္တရာယ်ထိခိုက်နိုင်မှု ရှိ မရှိနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးခြင်းကို ခံယူရမည်။

(စ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းတွင် တာဝန်ထမ်းဆောင်မည့်သူများအား ကျန်းမာရေးစစ်ဆေးပေးပြီး ယင်းလုပ်ငန်းတွင် လုပ်ကိုင်ရန် ကျန်းမာရေးနှင့်ညီညွတ်ကြောင်း ထောက်ခံချက်ရရှိမှသာ တာဝန်ထမ်းဆောင်ခွင့်ပြုရမည်။ ယင်းတို့၏ကျန်းမာရေးစစ်ဆေးချက်မှတ်တမ်းများကို စနစ်တကျထိန်းသိမ်းထားရှိရမည်။

(ဆ) အန္တရာယ်ရှိနိုင်သော ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းများကို သိုလှောင်ခွင့်ရရှိပါက ခွင့်ပြုသည့် အကြောင်းကြားစာမိတ္တူကို သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပေးပို့ရမည်။

(ဇ) မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့် ပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သည့် ပစ္စည်းများကို အသုံးပြု၍ မီးဘေးအန္တရာယ်စိုးရိမ်ရသောလုပ်ငန်းလုပ်ကိုင်ပါက သက်ဆိုင်ရာမီးသတ်ဦးစီးဌာန၏ လမ်းညွှန်သဘောတူညီချက် ကြိုတင်ရယူရမည်။

(ဈ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို ပြည်တွင်းတွင် သယ်ယူပို့ဆောင်သည့်အခါ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုထားသော ပမာဏကိုသာ သယ်ဆောင်ရမည်။

(ည) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို လိုင်စင်ပါ နေရာဒေသတစ်ခုခုမှ အခြားနေရာဒေသတစ်ခုခုသို့ ပြောင်းလဲပြီး သယ်ယူပို့ဆောင်ရန်ရှိပါက ဗဟိုကြီးကြပ်ရေးအဖွဲ့ထံမှ ခွင့်ပြုချက် ရယူရမည်။

(ဠ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်း လုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်းမရှိစေရန် ပတ်ဝန်းကျင်နှင့်သက်ဆိုင်သောဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၇။ လိုင်စင်ရရှိသူသည် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းနှင့်စပ်လျဉ်း၍ လူနှင့်တိရစ္ဆာန်တို့ကိုသော်လည်းကောင်း၊ ပတ်ဝန်းကျင်ကိုသော်လည်းကောင်း ထိခိုက်ဆုံးရှုံးမှုဖြစ်ပေါ်ပါက လျော်ကြေးပေးနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ အာမခံထားရှိရမည်။

၁၈။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

၁၉။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၁၈ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း (၈)
## မှတ်ပုံတင်လက်မှတ်

၂၀။ လိုင်စင်ရရှိသူသည် မိမိ၏ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းတွင် အသုံးပြုမည့်လုပ်ငန်းနှင့်သက်ဆိုင်သော ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

၂၁။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို စိစစ်၍ သတ်မှတ်ချက်များနှင့်ညီညွတ်ပါက သက်ဆိုင်ရာဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအတွက် မှတ်ပုံတင်ခ ပေးသွင်းစေပြီး စည်းကမ်းချက်များနှင့်အတူ မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

၂၂။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည့်အပြင် ဗဟိုကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကိုလည်း လိုက်နာရမည်။

၂၃။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် -

(က) မိမိမှတ်ပုံတင်ထားသောစာရင်းတွင် မပါရှိသည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို အသုံးပြုရန်ရှိပါက မှတ်ပုံတင်ပေးရန် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ထပ်မံလျှောက်ထားရမည်။

(ခ) မိမိမှတ်ပုံတင်ထားသောစာရင်းတွင် ပါရှိသော်လည်း အသုံးမပြုလိုသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများရှိပါက အဆိုပါစာရင်းကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အသိပေးတင်ပြရမည်။

၂၄။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မှတ်ပုံတင်လက်မှတ်သက်တမ်းကို တိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

၂၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၂၄ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၆။ မှတ်ပုံတင်ခွင့်ရရှိထားသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများသည် ပြည်တွင်းပြည်ပမှ ထပ်မံရရှိသည့် အချက်အလက်များအရ လူ၊ တိရစ္ဆာန်နှင့် ပတ်ဝန်းကျင်အား အန္တရာယ်ဖြစ်စေနိုင်သည်ဟု သိရှိရပါက ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ထိုဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုကို တားမြစ်ရမည်။ လိုအပ်ပါက မှတ်ပုံတင်လက်မှတ်ကို ရုပ်သိမ်းခြင်းပြုနိုင်သည်။

## အခန်း (၉)

## အန္တရာယ်ထိန်းချုပ်ကာကွယ်ခြင်းနှင့် အန္တရာယ်ကို လျော့ပါးစေခြင်း

၂၇။ လိုင်စင်ရရှိသူများသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာအန္တရာယ်ကို ထိန်းချုပ်ကာကွယ်ရန်နှင့် လျော့ပါးစေရန် အောက်ပါတို့ကို လိုက်နာစေရမည် -

(က) အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အန္တရာယ်အဆင့်ကို ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၏ ဂုဏ်သတ္တိများအရ အမျိုးအစားခွဲခြားခြင်း၊

(ခ) အန္တရာယ်ကင်းရှင်းမှုအဆင့် မှတ်တမ်းလွှာနှင့် အန္တရာယ်သတိပေးအမှတ်အသားတို့ကို ဖော်ပြခြင်း၊

(ဂ) မတော်တဆဖြစ်ပွားမှုကာကွယ်ရန်နှင့် လျော့ပါးစေရန် လုံခြုံရေးကိရိယာများ၊ ကိုယ်ခန္ဓာကာကွယ်ရေးကိရိယာများ ထားရှိခြင်းနှင့် စနစ်တကျသုံးစွဲတတ်စေရန် သင်တန်းများ တက်ရောက်စေခြင်း၊

(ဃ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်း၊ စွန့်ပစ်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) ဗဟိုကြီးကြပ်ရေးအဖွဲ့က တားမြစ်ပိတ်ပင်ထားသော ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ၊ ယင်းတို့ကို ထည့်သွင်းအသုံးပြုသော စက်ကိရိယာများကို ပြည်တွင်းသို့ တင်သွင်းမှု သို့မဟုတ် ပြည်ပသို့ တင်ပို့မှုမပြုခြင်း။

## အခန်း (၁၀)

## လိုင်စင်ပျက်ပြယ်ခြင်းနှင့် ပြန်လည်လျှောက်ထားခြင်း

၂၈။ အောက်ပါ အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ လိုင်စင်သည် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည် -

(က) လိုင်စင်ကို ပြန်လည်အပ်နှံခြင်း၊

(ခ) လိုင်စင်သက်တမ်းကုန်ဆုံးချိန်အထိ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားမှုမရှိခြင်း၊

(ဂ) ဤဥပဒေအရ လိုင်စင်ပယ်ဖျက်ခံရခြင်း။

၂၉။ လိုင်စင်ရရှိသည် -

(က) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် လိုင်စင်ပျက်ပြယ်သည့်ကိစ္စတွင် သတ်မှတ်ချက်များနှင့်အညီ လိုင်စင်ပြန်လည်လျှောက်ထားနိုင်ခွင့်ရှိသည်။

(ခ) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ဂ) အရ လိုင်စင်ပျက်ပြယ်သည့်ကိစ္စတွင် လိုင်စင်ပြန်လည်လျှောက်ထားခွင့် မရှိစေရ။

## အခန်း (၁၁)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့်အယူခံခြင်း

၃၀။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် လိုင်စင်ရရှိသူက လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ မှတ်ပုံတင်လက်မှတ်ရရှိသူက မှတ်ပုံတင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကြောင်းသော်လည်းကောင်း လိုင်စင်ရရှိသူနှင့် မှတ်ပုံတင်ရရှိသူတို့က ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ သက်ဆိုင်ရာစည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင်သော်လည်းကောင်း အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးငွေ ပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းကို ဆက်လက်လုပ်ဆောင်ခွင့်ပြုခြင်း၊

(ဂ) လိုင်စင်နှင့်မှတ်ပုံတင်လက်မှတ်တို့ကို ပယ်ဖျက်ခြင်း။

၃၁။ ပုဒ်မ ၃၀ အရ ဗဟိုကြီးကြပ်ရေးအဖွဲ့က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဗဟိုဦးစီးအဖွဲ့သို့ အယူခံနိုင်သည်။

၃၂။ ဗဟိုဦးစီးအဖွဲ့သည် ပုဒ်မ ၃၁ အရ အယူခံမှုတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အခန်း (၁၂)
## တားမြစ်ချက်များ

၃၃။ မည်သူမျှ ဗဟိုဦးစီးအဖွဲ့က တားမြစ်ပိတ်ပင်ထားသည့် ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းကို ထုတ်လုပ်ခြင်း၊ ပြုပြင်ဖော်စပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းမပြုရ။

၃၄။ မည်သူမျှ လိုင်စင်မရှိဘဲ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၃၅။ မည်သူမျှ မှတ်ပုံတင်ထားခြင်းမရှိသော သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီးဖြစ်သော သို့မဟုတ် အရည်အသွေးစံချိန်စံညွှန်းမမီသော ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းများကို ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းတွင် သုံးစွဲခြင်းမပြုရ။

၃၆။ မည်သူမျှ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းနှင့်စပ်လျဉ်း၍ ဗဟိုကြီးကြပ်ရေးအဖွဲ့၊ ကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့များက စစ်ဆေးခြင်းကို ဆောင်ရွက်ရာတွင် တားဆီးပိတ်ပင်ခြင်း သို့မဟုတ် ဟန့်တားနှောင့်ယှက်ခြင်းမပြုရ။

## အခန်း (၁၃)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၇။ မည်သူမဆို ပုဒ်မ ၃၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ခုနစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်ပြင် ပြစ်မှုနှင့်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၃၈။ မည်သူမဆို ပုဒ်မ ၃၄ နှင့် ၃၅ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သောပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၃၉။ မည်သူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၄)

## အထွေထွေ

၄၀။ ဝန်ကြီးဌာနသည် လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ မှတ်ပုံတင်ခ၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစစ်ဆေးခများကို သတ်မှတ်ရမည်။

၄၁။ (က) ဗဟိုဦးစီးအဖွဲ့၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၊ ကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့များတွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

(ခ) ဗဟိုဦးစီးအဖွဲ့၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၊ ကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့များ၏ ကုန်ကျစရိတ်နှင့် ချီးမြှင့်ငွေများကို ဝန်ကြီးဌာနက ကျခံရမည်။

၄၂။ ဗဟိုဦးစီးအဖွဲ့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လိုအပ်သော ဝန်ထမ်းများကို ဝန်ကြီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၄၃။ ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းများနှင့်စပ်လျဉ်း၍ -

(က) မူလဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအပေါ် သတ်မှတ်ရက်အတွင်း အယူခံလျှောက်ထားခြင်းမပြုပါက မူလဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာသည် အပြီးသတ်သက်သေခံချက်ဖြစ်စေရမည်။

(ခ) မူလဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအပေါ် သတ်မှတ်ရက်အတွင်း အယူခံလျှောက်ထားခဲ့ပါက အယူခံဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာသည် အပြီးသတ်သက်သေခံချက် ဖြစ်စေရမည်။

၄၄။ ပုဒ်မ ၃၉ ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုအဖြစ် သတ်မှတ်သည်။

၄၅။ လိုင်စင်ရရှိသူသည် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းပြုလုပ်လိုပါက ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ထောက်ခံချက်ကို ရယူ၍ သက်ဆိုင်ရာသို့ လျှောက်ထားရမည်။

၄၆။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဗဟိုဦးစီးအဖွဲ့၏ ကြိုတင်ခွင့်ပြုမိန့် ရယူရမည်။

၄၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ဗဟိုဦးစီးအဖွဲ့နှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့တို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက် )

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် (သဃ်န်းကျွန်းမဲဆန္ဒနယ်) ၏ "အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၅/၂၀၀၄) ကို ပြင်ဆင်သည့်ဥပဒေကြမ်း" ကို ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် (သဃ်န်းကျွန်းမဲဆန္ဒနယ်) က ပြည်သူ့လွှတ်တော်သို့ တင်သွင်းသော "အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၅/၂၀၀၄) ကို ပြင်ဆင်သည့် ဥပဒေကြမ်း" အား ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၃ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၀၄) ကို ပြင်ဆင်သည့် ဥပဒေကြမ်း**

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်      )**

၁၃၇၅ ခုနှစ်၊            လ       ရက်

( ၂၀၁၃ ခုနှစ်၊          လ     ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၅/၂၀၀၄) ကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ - ၃၃ တွင် ပါရှိသော "မည်သူမဆို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးနည်းပညာကို အသုံးပြု၍ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး (၇) နှစ်မှ အများဆုံး (၁၅) နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။" ဆိုသည့် စကားရပ်အစား "မည်သူမဆို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးနည်းပညာကို အသုံးပြု၍ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၃ နှစ်မှ အများဆုံး ၇ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"

ကင်းလွတ်ချက် ။ ။ ဤပြဋ္ဌာန်းချက်သည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး (သို့မဟုတ်) ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်သော မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်တို့နှင့် မသက်ဆိုင်။

ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၄ တွင် ပါရှိသော "မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။" ဆိုသည့် စကားရပ်အစား "မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ်ငါးဆယ်သိန်းမှ ကျပ်သိန်းတစ်ရာအထိ ချမှတ်ရမည်။ ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ် ၆ လ ချမှတ်ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၅ တွင် ပါရှိသော "မည်သည့်သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူ၊ ယင်း၏အရာရှိ သို့မဟုတ် ဝန်ထမ်းမဆို ကြီးကြပ်မှုအဖွဲ့က ထုတ်ပြန်သောအမိန့်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။" ဆိုသည့် စကားရပ်အစား "မည်သည့်သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူ၊ ယင်း၏အရာရှိ သို့မဟုတ် ဝန်ထမ်းမဆို ကြီးကြပ်မှုအဖွဲ့က ထုတ်ပြန်သောအမိန့်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ်တစ်ဆယ်သိန်းမှ ကျပ်ငါးဆယ်သိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ် ၃ လအထိ ချမှတ်ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၆ တွင် ပါရှိသော "မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်များပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။" ဆိုသည့် စကားရပ်အစား "မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်များပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ်တစ်သိန်းမှ ကျပ်သုံးသိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ် ၃ လအထိ ချမှတ်ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၇ တွင် ပါရှိသော "မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။" ဆိုသည့် စကားရပ်အစား "မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ်တစ်သိန်းမှ ကျပ်သုံးသိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ် ၃ လအထိ ချမှတ်ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ အဆိုပါဥပဒေပုဒ်မ ၅၁ ၏ နောက်၌ အောက်ပါတို့ကို ပုဒ်မ ၅၂ ဖြင့် အစားထိုးရမည်။

"ဤဥပဒေအရဖြစ်သော ပြစ်မှုအတွက် နိုင်ငံတော်သမ္မတ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အရေးယူခြင်း သို့တည်းမဟုတ် တရားစွဲဆိုခြင်းမပြုရ။"

၈။ အဆိုပါ ဥပဒေရှိရင်း ပုဒ်မ ၅၂ ကို ၅၃ အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက် )

**သတင်းမီဒီယာဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၃) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော သတင်းမီဒီယာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၂ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

**[ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။]**

# သတင်းမီဒီယာဥပဒေကြမ်း

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို သတင်းမီဒီယာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **သတင်းမီဒီယာ**ဆိုသည်မှာ သတင်းရှာဖွေခြင်း၊ ရယူခြင်း၊ ပိုင်ဆိုင်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ပျံ့နှံ့စေခြင်း အစရှိသည်တို့ကို စာ၊ အသံ၊ အရုပ်၊ ရုပ်သံ၊ ကိန်းဂဏန်းအချက်အလက်၊ ရုပ်ပုံဒီဇိုင်း စသည့် အသွင်သဏ္ဌာန်များ အသုံးပြုကာ ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အင်တာနက်မီဒီယာ သို့မဟုတ် အခြားနည်းလမ်းများဖြင့် လုပ်ကိုင်သည့် လူမှုရေးနှင့်အများပြည်သူဆိုင်ရာ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းများကို ဆိုသည်။

(ခ) **သတင်းမီဒီယာသမား**ဆိုသည်မှာ သတင်းမီဒီယာနှင့်စပ်လျဉ်းသော လုပ်ငန်းတစ်ရပ်ရပ်လုပ်ကိုင်သူကို ဆိုသည်။

(ဂ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေနှင့်အညီ ဖွဲ့စည်းသော မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို ဆိုသည်။

(ဃ) **သတင်းထုတ်လွှင့်ပြသခြင်း**ဆိုသည်မှာ အသံဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ရုပ်ပုံဖြင့်ဖြစ်စေ အများပြည်သူအား ထုတ်လွှင့်ပြသခြင်းကို ဆိုသည်။

(င) **သတင်းစာ**ဆိုသည်မှာ နေ့စဉ်ဖြစ်ပျက်နေသော ပြည်တွင်းပြည်ပသတင်းများ၊ ယင်းတို့နှင့်စပ်လျဉ်းသော ရေးသားဖော်ပြမှုများကို ပုံမှန်ဖြန့်ချိသော ထုတ်ဝေစာကို ဆိုသည်။

(စ) **သတင်းထောက်**ဆိုသည်မှာ သတင်းအချက်အလက်များ ရှာဖွေရယူ၍ သတင်းမီဒီယာတစ်ခုခုသို့ ပေးပို့သူကို ဆိုသည်။

(ဆ) **စာနယ်ဇင်း**ဆိုသည်မှာ သတင်းမီဒီယာလုပ်ငန်းကို အချိန်မှန်ဖြစ်စေ၊ အချိန်ကာလမသတ်မှတ်ဘဲ ဖြစ်စေ လုပ်ကိုင်လျက် သတင်း၊ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ရုပ်ပုံ၊ ဓာတ်ပုံ၊ သရုပ်ဖော်ပုံ စသည့်တို့ကို ရုပ်သံလွှင့်နည်းပညာဖြင့်ဖြစ်စေ၊ အင်တာနက်နည်းပညာဖြင့်ဖြစ်စေ၊ အခြား နည်းပညာတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဖော်ပြထားသော စာအုပ်၊ စာစောင်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စသည့် ထုတ်ဝေစာတို့ကို ဆိုသည်။

(ဇ) **သတင်းအေဂျင်စီ**ဆိုသည်မှာ ပြည်တွင်းပြည်ပမှ သတင်းများကို စုစည်း၍ နည်းတစ်မျိုးမျိုးဖြင့် ဖြန့်ချိသည့် လုပ်ငန်း၊ ကော်ပိုရေးရှင်း၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဈ) **စိစစ်ခြင်း**ဆိုသည်မှာ စာနယ်ဇင်းတစ်ခုခုတွင် ပါဝင်သည့် အကြောင်းအရာများကို ပုံနှိပ်ခြင်းမပြုမီ ဖြတ်တောက်ခြင်း၊ ဖယ်ရှားခြင်း၊ တားမြစ်ခြင်း၊ ပိတ်ပင်ခြင်းတို့ကို ဆိုသည်။

(ည) **အများပြည်သူအကျိုးစီးပွား**ဆိုသည်မှာ အများပြည်သူ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ် သုံးရပ်တွင် အများပြည်သူ အကျိုးစီးပွားဖြစ်ထွန်းစေသည့်ကိစ္စရပ်များကို ဆိုသည်။

(ဋ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ပြန်ကြားရေးဝန်ကြီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံသားတိုင်း လွတ်လပ်စွာ ရေးသား ထုတ်ဝေဖြန့်ချိခွင့်ရှိသည့် သတင်းမီဒီယာလုပ်ငန်းများ ဖြစ်ပေါ်စေရန်၊

(ခ) သတင်းမီဒီယာလုပ်ငန်းသည် စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာရပ်တည်နိုင်စေရန်၊

(ဂ) သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ အပြည့်အဝရရှိစေရန်၊

(ဃ) သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်၊ ကျင့်ဝတ်၊ စည်းကမ်းနှင့် ကျင့်စဉ်များကို ဆိုင်ရာလုပ်ငန်း၊ အဖွဲ့အစည်းများအတွင်း သတ်မှတ်ရေးဆွဲရန်၊

(င) နိုင်ငံသားတိုင်း၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်၊

(စ) သတင်းမီဒီယာတစ်ခုခုတွင် ရေးသားဖော်ပြထုတ်လွှင့်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တစ်စုံ တစ်ယောက်၏ တိုင်ကြားချက်၊ အငြင်းပွားချက်များကို နှစ်ဖက် ညှိနှိုင်းဖြေရှင်းသောနည်းလမ်းဖြင့် ကျေအေးပြေငြိမ်းစေရန်။

## အခန်း (၃)
## သတင်းမီဒီယာသမားများ၏ရပိုင်ခွင့်များ

၄။ သတင်းမီဒီယာသမားများသည် -

(က) ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာဝေဖန်၊ ထောက်ပြ၊ အကြံပြုရေးသားခွင့်ရှိသည်။

(ခ) နိုင်ငံသားတိုင်းသိခွင့်ရှိသော သတင်းအချက်အလက်များနှင့် သဘောထားအမြင်များကို ကျင့်ဝတ် စည်းကမ်းနှင့်အညီ စုံစမ်းဖော်ထုတ်ရေးသားခွင့်နှင့် သတင်းထုတ်လွှင့်ခွင့်တို့ ရှိသည်။

(ဂ) နိုင်ငံသားတစ်ဦး၏အခွင့်အရေး ဆုံးရှုံးမှုဆိုင်ရာကိစ္စရပ်များကို ဖော်ထုတ်ရေးသားခွင့်ရှိသည်။

(ဃ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက သတ်မှတ်ထားသော စည်းကမ်းနှင့်အညီ အစိုးရရုံး၊ ဌာန၊ အဖွဲ့အစည်းများတွင် သတင်းအချက်အလက်ရယူခွင့်၊ နေရာထိုင်ခင်းရခွင့်နှင့် ဝင်ထွက်သွားလာခွင့်တို့ ရှိသည်။

၅။ သတင်းမီဒီယာလုပ်ငန်း၏ ထုတ်ဝေစာသည် စိစစ်ခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

၆။ သတင်းမီဒီယာသမားတစ်ဦးသည် -

(က) ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ အာဏာပိုင်အဖွဲ့အစည်း (၃) ရပ်ကဖြစ်စေ အမိန့်ညွှန်ကြားချက်ဖြင့် လုံခြုံရေးအဆင့်အတန်းသတ်မှတ်ထားသော စာရင်းဇယား၊ ဓာတ်ပုံ၊ မှတ်တမ်းရေးသားချက်များမှအပ အများပြည်သူသိခွင့်ရှိသော သတင်းအချက်အလက်များကို အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ တောင်းယူကြည့်ရှုခွင့်ရှိသည်။

(ခ) အများပြည်သူ၏ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော အစိုးရမဟုတ်သည့် အသင်း၊ အဖွဲ့၊ လုပ်ငန်းများမှ သတင်းအချက်အလက်များကို ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ တောင်းယူကြည့်ရှုခွင့်ရှိသည်။

၇။ သတင်းမီဒီယာသမားတစ်ဦးသည် စစ်မက်ဖြစ်ပွားရာဒေသ၊ အရေးအခင်း၊ အဓိကရုဏ်း၊ အများပြည်သူ ဆန္ဒပြရာနေရာဒေသတို့၌ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းက သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ သတင်းရယူစဉ်တွင် -

(က) လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖမ်းဆီးထိန်းသိမ်းခြင်း၊ သတင်းမှတ်တမ်း စသည့် သတင်းရယူခြင်းနှင့် သက်ဆိုင်သောကိရိယာများကို သိမ်းယူခံရခြင်းနှင့် ဖျက်ဆီးခံရခြင်းတို့မှ ကင်းလွတ်စေရမည်။

(ခ) လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများရှိက ယင်းတို့၏ ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိစေရမည်။

၈။ သတင်းမီဒီယာသမားတစ်ဦးသည် -

(က) ကျင့်ဝတ်နှင့်အညီ မိမိအမည်ကို ထုတ်ဖော်ပြောဆို၍ သတင်းရယူရမည်ဖြစ်သော်လည်း အများပြည်သူ အကျိုးငှာ စုံစမ်းဖော်ထုတ်ရမည့်သတင်းဖြစ်ပါက သက်ဆိုင်ရာအယ်ဒီတာ၏ခွင့်ပြုချက်ဖြင့် အမည်မဖော်ပြဘဲ စုံစမ်းခွင့်ရှိပြီး ထိုသို့ဆောင်ရွက်ခဲ့ကြောင်းကို ဖော်ပြပေးရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ဖြင့် အရေးယူခံရသောအမှုတွင် တရားရုံး၏အမိန့်အရ မဟုတ်ဘဲ သတင်းမီဒီယာဆိုင်ရာလုပ်ငန်းသုံးပစ္စည်းများကို သိမ်းဆည်းခြင်း၊ ချိပ်ပိတ်ခြင်းနှင့် ဖျက်ဆီးခြင်းတို့မှ ကင်းလွတ်ခွင့်ရရှိစေရမည်။

## အခန်း (၄)

## သတင်းမီဒီယာသမားများ လိုက်နာရမည့်တာဝန်နှင့်ကျင့်ဝတ်များ

၉။ သတင်းမီဒီယာသမားတစ်ဦးသည် အောက်ပါကျင့်ဝတ်စည်းကမ်းများကို လိုက်နာရန်တာဝန်ရှိသည် -

(က) သတင်းအချက်အလက် တိကျမှန်ကန်စေရန်နှင့် တတ်နိုင်သမျှပြည့်စုံစေရန် စိစစ်ခြင်း၊

(ခ) တိကျမှန်ကန်မှုမရှိသောသတင်းကို ဖော်ပြမိ၍ ပြင်ဆင်ရန် လိုအပ်ပါက ပုံနှိပ်မီဒီယာဖြစ်လျှင် ပြင်ဆင်ချက်ကို ထင်ရှားသောစာမျက်နှာ၌လည်းကောင်း၊ အခြားမီဒီယာဖြစ်လျှင် အနီးစပ်ဆုံး အချိန်၌လည်းကောင်း အမြန်ဆုံးဖော်ပြခြင်း၊

(ဂ) တရားရုံးတွင် စစ်ဆေးဆဲအမှုများနှင့်စပ်လျဉ်း၍ သတင်းဖော်ပြရာတွင် တရားရုံးက ပြစ်မှုထင်ရှား စီရင်ခြင်းမပြုသမျှကာလပတ်လုံး တရားစွဲဆိုခံရသူအား အပြစ်ကင်းစင်သူအဖြစ် မှတ်ယူခြင်းနှင့် တရားရုံးအား မထီမဲ့မြင်ပြုရာရောက်သော သတင်းဝေဖန်ချက်များကို ဖော်ပြခြင်းမှ ရှောင်ကြဉ်ခြင်း၊

(ဃ) သတင်းဓာတ်ပုံနှင့် အရုပ်အသံများ ဖော်ပြရာတွင် နည်းပညာတစ်ရပ်ရပ် အသုံးပြု၍ မလျော်ကန်သော ပြုပြင်ပြောင်းလဲခြင်းမှ ရှောင်ကြဉ်ခြင်း၊

(င) သတင်းဝေဖန်ချက်၊ အာဘော်နှင့် ဆောင်းပါးရေးသားခြင်းမှတစ်ပါး သတင်းရေးသားသူ၏ ထင်မြင်ယူဆချက်၊ အာဘော် လုံးဝမပါရှိစေခြင်း၊

(စ) တစ်ပါးသူပိုင်ဆိုင်သည့် ဉာဏဆိုင်ရာပစ္စည်းများကို ခွင့်ပြုချက်မရဘဲ ကူးယူဖော်ပြခြင်းမှ ရှောင်ကြဉ်ခြင်း၊

(ဆ) အများပြည်သူ၏အကျိုးစီးပွားနှင့်စပ်ဆိုင်သည့် သတင်းရေးသားခြင်းမဟုတ်လျှင် ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခု၏ ဂုဏ်သိက္ခာကို တမင်ထိခိုက်စေသော အရေးအသားနှင့် လူ့အခွင့်အရေးကို ထိခိုက်စေသော အရေးအသားမျိုး ဖော်ပြခြင်းမှ ရှောင်ကြဉ်ခြင်း၊

(ဇ) ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ လူမျိုးတစ်မျိုးကို အကြောင်းပြု၍ ပဋိပက္ခဖြစ်စေနိုင်သော လှုံ့ဆော်ရေးသားမှုမှ ရှောင်ကြဉ်ခြင်း၊

(ဈ) မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ထုတ်ပြန်သည့် ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာခြင်း။

## အခန်း (၅)
## သတင်းမီဒီယာသမားလုပ်ငန်း ထူထောင်ခြင်း

၁၀။ သတင်းမီဒီယာလုပ်ငန်းလုပ်ကိုင်လိုသူသည် အောက်ပါနည်းလမ်းတစ်ရပ်အရ ထူထောင်ခွင့်ရှိသည် -

(က) တည်ဆဲမြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ အများနှင့်မသက်ဆိုင်သောကုမ္ပဏီကိုဖြစ်စေ၊ အများနှင့်သက်ဆိုင်သောကုမ္ပဏီကိုဖြစ်စေ ဖွဲ့စည်း၍ လုပ်ငန်းထူထောင်ခြင်း၊

(ခ) တည်ဆဲမြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ လုပ်ငန်းထူထောင်ခြင်း။

၁၁။ ပုဒ်မ ၁၀ အရ ထူထောင်ခွင့်ရပြီးသော သတင်းမီဒီယာသည် သက်ဆိုင်ရာလုပ်ငန်းအမျိုးအစားအလိုက် ဝန်ကြီးဌာန၏ မူပိုင်ခွင့်နှင့် မော်ကွန်းဌာနတွင် မှတ်တမ်းဝင်စာရင်းပေးသွင်း၍ ထိုသို့ပေးသွင်းပြီးကြောင်း အထောက်အထားလက်မှတ် ရယူရမည်။

## အခန်း (၆)
## ကောင်စီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၁၂။ ကောင်စီသည် သတင်းမီဒီယာသမားများနှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာဆောင်ရွက်နိုင်သည့် တစ်ခုတည်းသောအဖွဲ့အစည်းဖြစ်သည်။

၁၃။ နိုင်ငံတော်သမ္မတသည် ဤဥပဒေပါ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် အောက်ပါအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များပါဝင်သော မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းပေးရမည် -

(က) ကောင်စီဝင်များအဖြစ် နိုင်ငံတော်သမ္မတက အဆိုပြုသည့် ကိုယ်စားလှယ်တစ်ဦး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က အဆိုပြုသည့် ကိုယ်စားလှယ်တစ်ဦးစီ၊

(ခ) သတင်းမီဒီယာသမားများ၊ သတင်းအေဂျင်စီများ၊ ပုံနှိပ်ထုတ်ဝေသူများ၊ စာရေးဆရာများ၊ ကဗျာဆရာများ၊ ကာတွန်းရုပ်ပြဆရာများက သတ်မှတ်အချိုးအစားအလိုက် အဆိုပြုသည့် ကိုယ်စားလှယ်များ၊

(ဂ) လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာအသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်သည့် လူထုအဖွဲ့အစည်းများက ရွေးချယ်သည့် ကိုယ်စားလှယ်များ၊

(ဃ) ကောင်စီဝင်ဦးရေကို အနည်းဆုံး (၁၅) ဦးမှ အများဆုံး (၃၀) ဦးအထိ သတ်မှတ်ပေးရမည်။

၁၄။ (က) ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများကို ကောင်စီဝင်များထဲမှ အများဆန္ဒအရ ရွေးချယ်တင်မြှောက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ရွေးချယ်တင်မြှောက်သည့် ကောင်စီပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

၁၅။ (က) ကောင်စီဝင်တစ်ဦး၏သက်တမ်း (၁) ကြိမ်သည် ရွေးချယ်တင်မြှောက်ခံရသည့်နေ့မှစ၍ သုံးနှစ်ဖြစ်သည်။

(ခ) ကောင်စီဝင်တစ်ဦးသည် သက်တမ်းနှစ်ကြိမ်ထက်ပို၍ တစ်ဆက်တည်း ဆောင်ရွက်ခွင့်မရှိစေရ။

၁၆။ ကောင်စီဝင်တစ်ဦးသည် အောက်ဖော်ပြပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ကောင်စီဝင်အဖြစ်မှ ရပ်စဲသည် -

(က) မိမိသဘောဆန္ဒအရ နုတ်ထွက်ခြင်း၊

(ခ) ကောင်စီဝင်တစ်ဦးဦးက သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်နှင့်ကျင့်ဝတ်များကို တမင်ဖောက်ဖျက်ခြင်းကြောင့်သော်လည်းကောင်း၊ ကောင်စီဝင်၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မှုမရှိခြင်းကြောင့်သော်လည်းကောင်း၊ ကောင်စီက သတ်မှတ်ထားသော စည်းကမ်းများကို တမင်ချိုးဖောက်မှုတစ်ခုခုကြောင့် ဆက်လက်တာဝန်ပေးရန် မသင့်လျော်သော်လည်းကောင်း ကောင်စီဝင်များ၏ သုံးပုံနှစ်ပုံထောက်ခံတင်ပြချက်အရ နိုင်ငံတော်သမ္မတက ရာထူးမှရပ်စဲခြင်း၊

(ဂ) အကျင့်သိက္ခာပျက်ပြားရာရောက်သည့် ပြစ်မှုပြစ်ဒဏ်တစ်မျိုးမျိုး အပြစ်ပေးခံရခြင်း၊

(ဃ) ရူးသွပ်ခြင်း သို့မဟုတ် ကွယ်လွန်အနိစ္စရောက်ခြင်း။

၁၇။ ကောင်စီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သတင်းမီဒီယာကို စောင့်ကြည့်ခြင်းနှင့် အရည်အသွေးမြှင့်တင်ပေးခြင်း၊

(ခ) သတင်းမီဒီယာလုပ်ငန်းဆိုင်ရာ စက္ကူ၊ စာရေးကိရိယာ၊ စက်ပစ္စည်းများ ပြည်ပမှတင်သွင်းရာတွင် အခွန်အခလျှော့ပေါ့ပေးရေးအတွက် ဆိုင်ရာအစိုးရဌာနများနှင့် ညှိနှိုင်းခြင်း၊

(ဂ) သတင်းမီဒီယာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ ကျင်းပရန်စီစဉ်ခြင်း၊

(ဃ) သတင်းဆိုင်ရာထူးချွန်သူများကို ဆုချီးမြှင့်ရေးအတွက် စာနယ်ဇင်းအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) သတင်းမီဒီယာလုပ်ငန်းတိုးတက်ရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်ခြင်း၊

(စ) လိုအပ်သည့်အချိန်တိုင်း သတင်းထုတ်ပြန်ခြင်း၊

(ဆ) ပြည်သူများ သတင်းမှန်သိခွင့်ရရှိရေးအတွက် အစိုးရဌာန၊ အဖွဲ့အစည်း၊ လူထုအခြေပြုအဖွဲ့အစည်းများတွင် သတင်းထုတ်ပြန်ရေးတာဝန်ခံတစ်ဦး သတ်မှတ်ထားရှိရေးအတွက် ကောင်စီက ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) မိမိလုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို နိုင်ငံတော်သမ္မတထံ တစ်နှစ်လျှင် တစ်ကြိမ် မပျက်မကွက်အစီရင်ခံခြင်း။

၁၈။ ကော်မတီအသီးသီး၏ လုပ်ငန်းဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများဖြင့် သတ်မှတ်ပေးရမည်။

## အခန်း (၇)
## ရန်ပုံငွေနှင့်ထောက်ပံ့ရေး

၁၉။ ကောင်စီသည် မိမိလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ရန်ပုံငွေထူထောင်ရမည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် တောင်းခံမှုအရ ပြည်ထောင်စုလွှတ်တော်က နှစ်စဉ်ခွဲဝေပေးသည့် ဘတ်ဂျက်ရန်ပုံငွေ၊

(ခ) ပြည်တွင်း၊ ပြည်ပစေတနာရှင်များ၏ နှောင်ကြိုးမဲ့လှူဒါန်းငွေများ၊

(ဂ) နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများက နှောင်ကြိုးမဲ့ထောက်ပံ့ကူညီမှုများ၊

(ဃ) သတင်းမီဒီယာလုပ်ငန်းများ၏ ထည့်ဝင်ငွေများ။

၂၀။ ကောင်စီသည် မိမိထူထောင်ထားသည့် ရန်ပုံငွေများကို ထိန်းသိမ်းခြင်း၊ စာရင်းပြုစုခြင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုခံယူခြင်း၊ ငွေစာရင်းဆိုင်ရာနှင့် ရန်ပုံငွေသုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

## အခန်း (၈)
## အရေးယူခြင်း

၂၁။ နစ်နာသော ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် သတင်းမီဒီယာသမားတစ်ဦးက ပုဒ်မ ၈ ပုဒ်မခွဲ (က) တွင် ပြဋ္ဌာန်းထားသည့် တာဝန်နှင့် ကျင့်ဝတ်သိက္ခာတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း ယူဆလျှင် ရှေးဦးစွာ ကောင်စီသို့ တိုင်ကြားရမည်။

၂၂။ ကောင်စီသည် ပုဒ်မ ၂၁ အရ တိုင်ကြားချက်ကို လက်ခံရရှိပါက နှစ်ဖက်တွေ့ဆုံညှိနှိုင်းဖြေရှင်းခြင်းဆိုင်ရာနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၃။ ပုဒ်မ ၂၂ အရ ကောင်စီ၏ရှေ့မှောက်တွင် ညှိနှိုင်းဖြေရှင်းရာ၌ ပြေလည်မှုမရှိပါက တိုင်ကြားသူ သို့မဟုတ် ကျေနပ်မှုမရှိသူသည် သက်ဆိုင်ရာတရားရုံးတွင် ဥပဒေနှင့်အညီ တရားစွဲဆိုနိုင်သည်။

၂၄။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသည် ပုဒ်မ ၆ ပုဒ်မခွဲ (ဆ) အရ သတင်းထုတ်ပြန်ရန် တာဝန်ရှိသူတစ်ဦးက သတင်းထုတ်ပြန်ရန် ငြင်းဆန်ခြင်း၊ အချိန်ဆွဲခြင်း သို့မဟုတ် သတင်းယူသူအား နှောင့်ယှက်ခြင်းတို့ကို ကျူးလွန်ကြောင်း တိုင်တန်းခြင်းခံရပါက ထိုသူအား စုံစမ်းစစ်ဆေး၍ ထိုက်သင့်သလို အရေးယူရမည်။

၂၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တည်ထောင်ထားသော သတင်းမီဒီယာလုပ်ငန်းအားလုံးရှိ သတင်းမီဒီယာသမားတို့၏ တာဝန်၊ ကျင့်ဝတ်၊ သိက္ခာဖောက်ဖျက်မှုနှင့် တားမြစ်ချက်များ ချိုးဖောက်သည့်အမှုများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရသာ အရေးယူရမည်။

## အခန်း (၉)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၆။ မည်သည့်သတင်းမီဒီယာသမားမဆို ပုဒ်မ ၉ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ (စ) နှင့် ပုဒ်မခွဲ (ဆ) တို့ပါ တာဝန်နှင့် ကျင့်ဝတ်တစ်ရပ်ရပ်ဖြင့် ပြစ်မှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ် ၃ သိန်းမှ အများဆုံး ကျပ် ၁၀ သိန်းအထိ ချမှတ်ရမည်။

၂၇။ မည်သည့်သတင်းမီဒီယာလုပ်ငန်း လုပ်ကိုင်သူမဆို သတင်းမီဒီယာလုပ်ငန်း လုပ်ကိုင်ခွင့်မရှိဘဲ ယင်းလုပ်ငန်းလုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ် ၅ သိန်းမှ အများဆုံး ကျပ် ၁၀ သိန်းအထိ ချမှတ်ရမည်။

၂၈။ မည်သည့်သတင်းမီဒီယာသမားမဆို ပုဒ်မ ၉ ပုဒ်မခွဲ (ဇ) ပါ တားမြစ်ချက်ကို ချိုးဖောက်ခဲ့လျှင် တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် အရေးယူခြင်းခံရမည်။

## အခန်း (၁၀)
## အထွေထွေ

၂၉။ ကောင်စီဝင်များသည် ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်ချိန်တွင် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၃၀။ (က) ဤဥပဒေပါတာဝန်များကို သဘောရိုးဖြင့် ထမ်းဆောင်သော ကောင်စီဝင်များနှင့် ဤဥပဒေ အရ ကောင်စီက ဖွဲ့စည်းတာဝန်ပေးအပ်သော လုပ်ငန်းကော်မတီဝင်များကို တရားမကြောင်း အရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ အရေးယူခွင့်မရှိစေရ။

(ခ) ကောင်စီက ဖျန်ဖြေစေ့စပ်ပေးသော သက်သေထွက်ချက်များကို တရားရုံးတွင် သက်သေခံ အဖြစ် တင်သွင်းခွင့်မရှိစေရ။

(ဂ) ဖျန်ဖြေစေ့စပ်ပေးသော ကောင်စီဝင်များကိုလည်း တရားရုံးတွင် သက်သေအဖြစ် ဆင့်ခေါ်ခွင့် မရှိစေရ။

၃၁။ ကောင်စီသည် မိမိ၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ရုံးလုပ်ငန်းဆိုင်ရာနေ့စဉ်လုပ်ငန်း တာဝန်များကို ဆောင်ရွက်နိုင်ရေးအတွက် ရုံးအဖွဲ့ကို ဖွဲ့စည်း၍ လိုအပ်သော အရာထမ်းနှင့်အမှုထမ်းများကို ခန့်အပ်တာဝန်ပေးနိုင်သည်။

၃၂။ ဥပဒေအရ တားမြစ်ပိတ်ပင်ထားပြီး ပြစ်မှုဖြင့် အရေးယူခံရသည့် သတင်းစာ၊ ဂျာနယ်၊ စာစောင် စသည့် မီဒီယာဆိုင်ရာပစ္စည်းများကို ရှာဖွေသိမ်းဆည်းရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့်အညီ ဆောင်ရွက် ရမည်။

၃၃။ ပုဒ်မ ၂၆ သို့မဟုတ် ပုဒ်မ ၂၇ အရ တရားစွဲဆိုလျှောက်ထားရန်ရှိက -

(က) သက်ဆိုင်ရာအစိုးရ၊ ဌာန၊ အဖွဲ့အစည်း၏ တာဝန်ပေးအပ်ခြင်းခံရသူတစ်ဦးဦးက တရားရုံးသို့ တိုက်ရိုက်လျှောက်ထားစွဲဆိုရမည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါက ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေရှေ့ရပ်ဖြင့်ဖြစ်စေ တရားရုံးသို့ တိုက်ရိုက် လျှောက်ထားစွဲဆိုနိုင်သည်။

၃၄။ တည်ဆဲပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မြို့နယ်တရားသူကြီးသည် ဤဥပဒေတွင် သတ်မှတ်ထားသော ဒဏ်ငွေကို ချမှတ်ရန် စီရင်ပိုင်ခွင့်ရှိစေရမည်။

၃၅။ (က) ဤဥပဒေ အာဏာမတည်မီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တည်ထောင်ထားသော မီဒီယာ လုပ်ငန်းသည် သတ်မှတ်သည့်သက်တမ်းကုန်သည်အထိ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) အဆိုပါ သတ်မှတ်ထားသောသက်တမ်း ကုန်ဆုံးပြီး ဆက်လက်၍ လုပ်ငန်းလုပ်ကိုင်လိုပါက ဤဥပဒေအရ လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိမှသာ လုပ်ငန်းတစ်ခုခုကို သတ်မှတ်သည့် နည်းလမ်းအတိုင်း ဆက်လက်၍ လုပ်ကိုင်ခြင်း၊ သက်တမ်းတိုးခြင်း၊ မူပိုင်ခွင့်နှင့် မော်ကွန်း ဌာနတွင် စာရင်းတင်သွင်းခြင်းတို့ ပြုလုပ်ခွင့်ရှိသည်။

၃၆။ ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပြန်ခဲ့သည့် လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ကို ကန့်သတ်တားမြစ်သော အမိန့်များ၊ ညွှန်ကြားချက်များ၊ အမှာစာများနှင့် ထုတ်ပြန်ချက်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သမျှ ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

၃၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် ကောင်စီနှင့်ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကောင်စီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၂၀/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက် )

### တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၆) ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၆) ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃/၂၀၁၁)၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၄/၂၀၁၂)၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃၅/၂၀၁၂)၊ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃၆/၂၀၁၂)၊ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်စွဲပါ ကော်မရှင်၏ကြေညာချက် အမှတ် (၄၀/၂၀၁၂)၊ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၄၃/၂၀၁၂)၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၄၄/၂၀၁၂)၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၄၈/၂၀၁၂)၊ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၂ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၉/၂၀၁၃) နှင့် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၁၀/၂၀၁၃) တို့တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၆) ဦးအား ယှဉ်တွဲဖော်ပြပါ အတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

**ကချင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၈၃၂၄<br>ဗိုလ်မှူးကျော်ဝင်း | (အစား) | ကြည်း ၂၄၃၂၉<br>ဗိုလ်မှူးအောင်ဆန်းဝင်း |

**ကယားပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၂) | ကြည်း ၃၉၂၁၃<br>ဗိုလ်ကြီးဒီပါမောင် | (အစား) | ကြည်း ၃၀၆၄၀<br>ဗိုလ်ကြီးမျိုးမြင့် |

**ကရင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၃) | ကြည်း ၂၉၇၆၄<br>ဗိုလ်မှူးကျော်ကျော်ဦး | (အစား) | ကြည်း ၃၀၅၇၉<br>ဗိုလ်မှူးမြင့်ဝင်းရွှေ |
| (၄) | ကြည်း ၃၆၅၂၉<br>ဗိုလ်ကြီးဇော်မင်းထွန်း | (အစား) | ကြည်း ၃၀၇၄၅<br>ဗိုလ်ကြီးဦးကျော်အေး |

**ချင်းပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၅) | ကြည်း ၃၃၁၆၃<br>ဗိုလ်မှူးညီညီဦး | (အစား) | ကြည်း ၃၅၄၁၉<br>ဗိုလ်မှူးအာကာကျော်မိုး |

**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၆) | ကြည်း ၂၅၂၃၅<br>ဗိုလ်မှူးဝင်းညွန့် | (အစား) | ကြည်း ၁၈၆၉၉<br>ဗိုလ်မှူးတင့်ဆွေ |
| (၇) | ကြည်း ၂၄၈၆၁<br>ဗိုလ်မှူးအေးဇော် | (အစား) | ကြည်း ၃၂၂၂၄<br>ဗိုလ်မှူးဖြိုးဝေကျော် |
| (၈) | ကြည်း ၂၈၇၄၆<br>ဗိုလ်မှူးအေးဝင်း | (အစား) | ကြည်း ၃၃၄၀၄<br>ဗိုလ်မှူးအောင်သူရ |
| (၉) | ကြည်း ၃၃၁၆၉<br>ဗိုလ်မှူးဇာနည်မင်းပိုက် | (အစား) | ကြည်း ၂၇၅၁၁<br>ဗိုလ်မှူးသန့်ဇင်ထွေး |
| (၁၀) | ကြည်း ၃၂၅၇၇<br>ဗိုလ်ကြီးဇော်ဝင်းဦး | (အစား) | ကြည်း ၃၂၆၇၀<br>ဗိုလ်ကြီးနိုင်ဝင်း |

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁၁) | ကြည်း ၂၆၉၈၉<br>ဗိုလ်မှူးနိုင်အောင်ဝင်း | (အစား) | ကြည်း ၂၃၉၅၈<br>ဗိုလ်မှူးကိုကိုလတ် |
| (၁၂) | ကြည်း ၃၃၁၈၅<br>ဗိုလ်မှူးကျော်ထက် | (အစား) | ကြည်း ၂၉၁၄၈<br>ဗိုလ်မှူးဖြိုးမင်းသန့် |
| (၁၃) | ကြည်း ၄၅၄၁၇<br>ဗိုလ်ကြီးအောင်အောင်မျိုး | (အစား) | ကြည်း ၃၃၇၇၂<br>ဗိုလ်ကြီးကျော်မင်း |

**မကွေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁၄) | ကြည်း ၂၇၀၀၃<br>ဗိုလ်မှူးဘိုရဲဝင်း | (အစား) | ကြည်း ၂၉၅၆၄<br>ဗိုလ်မှူးရဲမြင့် |

(၁၅) ကြည်း ၂၈၆၆၈ (အစား) ကြည်း ၃၃၃၅၈
ဗိုလ်မှူးမင်းဟန်ဇော် ဗိုလ်မှူးသန့်ဇင်ဦး

(၁၆) ကြည်း ၂၁၄၅၅ (အစား) ကြည်း ၃၁၃၆၆
ဗိုလ်မှူးသန်းနိုင်ဦး ဗိုလ်မှူးသိန်းထူး

(၁၇) ကြည်း ၄၂၅၈၂ (အစား) ကြည်း ၄၇၁၇၉
ဗိုလ်ကြီးထွန်းထွန်းနိုင် ဗိုလ်ကြီးဝေဖြိုးအောင်

(၁၈) ကြည်း ၃၆၅၀၇ (အစား) ကြည်း ၄၇၄၅၆
ဗိုလ်ကြီးတင်ကိုကို ဗိုလ်ကြီးကျော်ကိုဦး

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

(၁၉) ကြည်း ၂၇၄၂၅ (အစား) ကြည်း ၃၄၃၃၄
ဗိုလ်မှူးလှထွန်းအောင် ဗိုလ်မှူးဇော်ဇော်ရည်မွန်

(၂၀) ကြည်း ၃၃၁၇၃ (အစား) ကြည်း ၂၈၃၂၅
ဗိုလ်မှူးဇေယျာဝင်း ဗိုလ်မှူးသိန်းဌေးမောင်

(၂၁) ကြည်း ၃၃၁၇၅ (အစား) ကြည်း ၂၄၈၈၂
ဗိုလ်မှူးသန်းစိုး ဗိုလ်မှူးတင်လှိုင်

**ရခိုင်ပြည်နယ်လွှတ်တော်**

(၂၂) ကြည်း ၃၁၉၈၈ (အစား) ကြည်း ၃၀၅၈၂
ဗိုလ်မှူးနန်းထက်ဝင်း ဗိုလ်မှူးထွန်းထွန်းလတ်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

(၂၃) ကြည်း ၁၃၉၃၂ (အစား) ကြည်း ၃၃၆၂၆
ဒုတိယဗိုလ်ချုပ်ကြီးဝေလွင် ဗိုလ်မှူးမင်းအောင်ဇော်

(၂၄) ရေ ၃၉၆၉ (အစား) ရေ ၃၉၃၇
ဗိုလ်မှူးအောင်မျိုး ဗိုလ်မှူးကိုကိုမောင်

(၂၅) ရေ ၄၀၂၈ (အစား) ရေ ၄၀၁၂
ဗိုလ်မှူးမင်းသူ ဗိုလ်မှူးသန်းနိုင်

**ရှမ်းပြည်နယ်လွှတ်တော်**

(၂၆) ကြည်း ၃၁၉၃၀ (အစား) ကြည်း ၂၀၅၈၀
ဗိုလ်မှူးဝင်းဇော်လတ် ဗိုလ်မှူးဇော်လွင်ဦး

(၂၇) ကြည်း ၃၃၀၆၀ (အစား) ကြည်း ၃၀၀၈၉
ဗိုလ်မှူးမောင်မောင်လွင် ဗိုလ်မှူးဇော်လင်းထွေး

(၂၈) ကြည်း ၂၉၇၈၉ (အစား) ကြည်း ၂၇၄၈၈
ဗိုလ်မှူးမိုးကျော် ဗိုလ်မှူးဇော်မိုးလွင်

(၂၉) ကြည်း ၃၅၅၃၉ (အစား) ကြည်း ၃၂၄၆၉
ဗိုလ်ကြီးမြင့်ကျော်နိုင် ဗိုလ်ကြီးသန်းမြင့်

(၃၀) ကြည်း ၂၈၉၄၇ (အစား) ကြည်း ၃၅၁၃၂
ဗိုလ်ကြီးအောင်ကြည် ဗိုလ်ကြီးခင်မောင်ဝင်း

| | | | |
|---|---|---|---|
| (၃၁) | ကြည်း ၃၆၃၆၇<br>ဗိုလ်ကြီးအောင်လတ် | (အစား) | ကြည်း ၄၃၂၁၀<br>ဗိုလ်ကြီးကျော်ခန့် |
| (၃၂) | ကြည်း ၃၅၇၁၇<br>ဗိုလ်ကြီးဇေယျာလင်း | (အစား) | ကြည်း ၅၃၆၄၀<br>ဗိုလ်ကြီးကျော်ညီညီသော် |
| (၃၃) | ကြည်း ၃၆၅၁၅<br>ဗိုလ်ကြီးအောင်သူဝင်း | (အစား) | ကြည်း ၄၅၃၇၈<br>ဗိုလ်ကြီးဖြိုးမိုးအောင် |

**ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၃၄) | ကြည်း ၂၉၇၅၁<br>ဗိုလ်မှူးစိုးနိုင် | (အစား) | ကြည်း ၂၅၀၇၂<br>ဗိုလ်မှူးမြင့်နိုင် |
| (၃၅) | ကြည်း ၃၃၂၁၁<br>ဗိုလ်မှူးကျော်စွာထွန်း | (အစား) | ကြည်း ၂၈၅၂၁<br>ဗိုလ်မှူးမော်သူရိန် |
| (၃၆) | ကြည်း ၄၂၅၂၃<br>ဗိုလ်ကြီးဝေဖြိုး | (အစား) | ကြည်း ၄၈၃၅၂<br>ဗိုလ်ကြီးကျော်သူ |

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၂၁/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက် )

### စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် အစားထိုးပြောင်းလဲခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်စွဲပါ ကြေညာချက်အမှတ် (၁၃/၂၀၁၁) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နေရာတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ တင်ပြချက်အရ ဦးဘိုကြည် အစား ဒေါက်တာဉာဏ်လင်းအား စတင်တာဝန်ထမ်းဆောင်သည့်နေ့ရက်မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၂/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက် )

**ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြောင်းလဲသတ်မှတ်ခြင်း**

၁။ ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အောက်ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ် (၃) ဦးသည် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရပါသည် -

(က) ဦးအောင်သိန်း
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ရွာငံမြို့နယ်မဲဆန္ဒနယ်

(ခ) ဦးကိုကို
ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်
ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)

(ဂ) ဦးသိန်းထွန်း
ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်
ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)

၂။ ယင်းလွှတ်တော်ကိုယ်စားလှယ် (၃) ဦးတို့သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် မှတ်ပုံတင်အမှတ် (၅၇) ဖြင့် မှတ်ပုံတင်ခွင့်ပြုခဲ့သော ဓနုတိုင်းရင်းသား လူမျိုးများဒီမိုကရေစီပါတီ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များအဖြစ် ပါတီတာဝန်များ ထမ်းဆောင် နေကြပြီဖြစ်၍ ၎င်းတို့ (၃) ဦးအား ယင်းပါတီ၏ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ပြောင်းလဲ သတ်မှတ်ပေးပါရန် တင်ပြခဲ့ကြပါသည်။

၃။ သို့ဖြစ်၍ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ကျင်းပခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ အစည်းအဝေးဆုံးဖြတ်ချက်အရ အပိုဒ် ၁ (က)၊ (ခ) နှင့် (ဂ) တို့တွင် ဖော်ပြထားသော တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ် (၃) ဦးတို့အား ၎င်းတို့ပါတီဝင်အဖြစ် ပါဝင်လျက်ရှိသည့် ဓနု တိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (Danu National Democracy Party) ၏ ကိုယ်စားပြုလွှတ်တော် ကိုယ်စားလှယ်များအဖြစ် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၃/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက် )

**ကယားလူမျိုးစုဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

အမှတ် (၄၇)၊ ဟော်ကြီးလမ်း၊ မင်္ဂလာရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **ကယားလူမျိုးစုဒီမိုကရေစီပါတီ**အား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ကယားလူမျိုးစုဒီမိုကရေစီပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ **( ၆၅ )** ဖြစ်ပါသည်။

အမိန့်အရ

တင်ထွန်း

အတွင်းရေးမှူး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၄/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက် )

**ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် အစားထိုးပြောင်းလဲခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်စွဲပါ ကြေညာချက်အမှတ် (၁၃/၂၀၁၁) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နေရာတွင် ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ တင်ပြချက်အရ ဦးကျော်ဆွေ အစား ဦးမောင်ကြည်အား စတင်တာဝန်ထမ်းဆောင်သည့်နေ့ရက်မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

တင်ထွန်း

အတွင်းရေးမှူး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၂၅/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် )

### မြောက်ဦးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကို အောင်မြင်စွာ ကြီးကြပ်ကျင်းပနိုင်ရန်နှင့် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မြောက်ဦးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးဦးမြသာ | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (ခ) | ဦးရွှေဇံ | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (ဂ) | ဦးမောင်လှခင် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (ဃ) | ဦးမောင်စောထွီး | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (င) | ဦးထွန်းအောင်ကျော် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (စ) | ဦးရွှေကျော်ဦး | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (ဆ) | ခရိုင်ဦးစီးဌာနမှူး<br>ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (ဇ) | ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး<br>ကျန်းမာရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (ဈ) | ခရိုင်ဥပဒေအရာရှိ<br>ခရိုင်ဥပဒေရုံး | | အဖွဲ့ဝင် |
| (ည) | ခရိုင်ပညာရေးမှူး<br>ခရိုင်ပညာရေးမှူးရုံး | | အဖွဲ့ဝင် |
| (ဋ) | ခရိုင်စာရင်းစစ်အရာရှိ<br>ခရိုင်စာရင်းရုံး | | အဖွဲ့ဝင် |
| (ဌ) | ခရိုင်မန်နေဂျာ<br>မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း | | အဖွဲ့ဝင် |
| (ဍ) | ခရိုင်ဦးစီးမှူး<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (ဎ) | အမှုဆောင်အရာရှိ<br>ခရိုင်စည်ပင်သာယာရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (ဏ) | ဦးစီးအရာရှိ<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | အတွင်းရေးမှူး |

၂။ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးကို သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ဖွင့်လှစ်ရန်ဖြစ်သည်။

၃။ အပိုဒ် (၁) ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ပြည်ထောင်စုရွေးကောက်ပွဲ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပေးအပ်သော တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန်ဖြစ်ပါသည်။

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၃

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက် )

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၂ ဖြင့် ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးနေရာများသို့ အစမ်းတိုးမြှင့်ခန့်ထားခဲ့သော အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၄) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ အတည်ပြုခန့်ထားလိုက်ပြီး ယင်းတို့၏အမည်နှင့်ယှဉ်တွဲဖော်ပြပါဌာနများတွင် တာဝန်ချထားလိုက်သည် -

| **စဉ်** | **အမည်** | **ဌာန** |
|---|---|---|
| (၁) | ဒေါက်တာထွန်းထွန်းဦး | သုတေသနနှင့်မှတ်တမ်းဌာနခွဲ |
| (၂) | ဒေါ်စန္ဒာဝင်းရွှေ | ဘဏ္ဍာရေးဌာနခွဲ |
| (၃) | ဒေါ်ခင်သက်ချို | ပြည်သူ့လွှတ်တော်ဌာနခွဲ |
| (၄) | ဒေါ်ခင်ဝင်းမြင့် | အမျိုးသားလွှတ်တော်ဌာနခွဲ |

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၁၃

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက် )

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၂ ဖြင့် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးနေရာများသို့ အစမ်းတိုးမြှင့်ခန့်ထားခဲ့သော အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး (၉) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ အတည်ပြုခန့်ထားလိုက်ပြီး ယင်းတို့၏အမည်နှင့်ယှဉ်တွဲဖော်ပြပါဌာနများတွင် တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | ဌာန |
|---|---|---|
| (၁) | ဦးမြင့်ဝေ | နိုင်ငံရေးပါတီဌာနခွဲ၊ ပါတီမှတ်ပုံတင်ဌာနစု |
| (၂) | ဦးဌေးမောင် | အမှုလက်ခံနှင့်ကြီးကြပ်ရေးဌာနခွဲ၊ အမှုလက်ခံဌာနစု |
| (၃) | ဦးဝင်းလွင်ဦး | စီမံဌာနခွဲ၊ စီမံ/ဝန်ထမ်းဌာနစု |
| (၄) | ဒေါ်ခင်မြင့်နွယ် | ရွေးကောက်ပွဲဌာန၊ အမျိုးသားလွှတ်တော်ဌာနစု |
| (၅) | ဒေါ်သင်းသင်းဝေ | ထောက်ပံ့ရေးဌာနခွဲ၊ ထောက်ပံ့ဌာနစု |
| (၆) | ဒေါ်သင်းသင်းနွဲ့ | ရွေးကောက်ပွဲဌာန၊ ပြည်သူ့လွှတ်တော်ဌာနစု |
| (၇) | ဒေါ်ခင်စန်းရင် | စီမံဌာနခွဲ၊ အစည်းအဝေးဌာနစု |
| (၈) | ဒေါ်မြင့်မြင့်သိန်း | ဘဏ္ဍာရေးဌာနခွဲ၊ ကော်မရှင်ရုံး၏ငွေစာရင်းဌာနစု |
| (၉) | ဦးသန်းနိုင် | နိုင်ငံရေးပါတီဌာနခွဲ၊ ပါတီကြီးကြပ်ရေးဌာနစု |

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် )

အမှတ် ၄၃ ။ ။ မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

၁။ ဦးရဲထွဋ် — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန

၂။ ဦးတင့်ဆွေ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
ပြန်ကြားရေးဝန်ကြီးဌာန

၃။ ဦးရဲတင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

၄။ ဦးသိန်းအောင် — အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရုပ်ရှင်လုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန

၅။ ဦးဝင်းလှိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

၆။ ဦးကိုကိုတင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

၇။ ဦးကျော်လင်း — အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဆောက်လုပ်ရေးဝန်ကြီးဌာန

၈။ ဦးဌေးဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ကျန်းမာရေးစီမံကိန်းဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

၉။ ဒေါက်တာဟာရင်နိုင်တီယမ်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးဝန်ကြီးဌာန

၁၀။ ဦးကိုကိုလှိုင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
မီးသတ်ဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

၁၁။ ဦးအောင်ခိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၁၂။ ဦးလှိုင်မြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (သတင်း)
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန

၁၃။ ဦးကျော်စိုး — အတွင်းရေးမှူး
ဦးဆောင်ညွှန်ကြားရေးမှူး
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန

၁၄။ ဦးအောင်မျိုးမြင့် — တွဲဖက်အတွင်းရေးမှူး
ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန

အမှတ် ၄၄ ။ ။ သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် -

၁။ သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား ပြည်သူလူထုသို့ အသိပညာပေးရန် (ကျောင်းသုံးစာအုပ်များတွင် ထည့်သွင်းခြင်း၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရုပ်မြင်သံကြား၊ ရေဒီယို အစရှိသည့် နည်းလမ်းများ အပါအဝင်)၊

၂။ သဘာဝဘေးမကျရောက်မီ ကျရောက်ချိန်၊ ကျရောက်ပြီးနောက် ရရှိသော သတင်းများကို သက်ဆိုင်သူများထံ ဖြန့်ချိပေးပို့ရန်နှင့် ထုတ်ပြန်သင့်သည့်သတင်းများကို စိစစ်ထုတ်ပြန်ရန်၊

၃။ သဘာဝဘေးအမျိုးအစားအလိုက် ဖြစ်နိုင်ခြေရှိသော နေရာဒေသနှင့် ဖြစ်ပေါ်လာနိုင်သော အခြေအနေတို့ကို ကြိုတင်ခန့်မှန်းတွက်ချက်၍ သက်ဆိုင်သူများထံ သတင်းပေးပို့ဖြန့်ချိရန်၊

၄။ သဘာဝဘေးကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးမှုလုပ်ငန်းအခြေအနေကို အခါအားလျော်စွာ ပြန်လည်သုံးသပ်၍ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန်၊

၅။ လက်အောက်အဆင့်ဆင့်တို့၏ သတင်းနှင့်ပညာပေးလုပ်ငန်းများ ထိရောက်စေရေးအတွက် စိစစ်ဆောင်ရွက်ရန်၊

၆။ သဘာဝဘေးကျရောက်ရန်ရှိသောဒေသ (သို့) သဘာဝဘေးကျရောက်နေသောဒေသရှိ ပြည်သူများအား အချိန်မီအသိပေးသင့်သောသတင်းနှင့် လိုက်နာဆောင်ရွက်ရန်အချက်များကို ပုံနှိပ်၍ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကြဲချအသိပေးခြင်း၊ ဘတ်ထရီသုံး တန်ဖိုးနည်းသောလှိုင်းနှုန်း တစ်ခုမှ နှစ်ခုသာပါရှိသည့် ရေဒီယိုများအား လိုက်လံဖြန့်ဖြူး၍ ထိုရေဒီယိုမှတစ်ဆင့် ၎င်းတို့သိရှိစေလိုသောကိစ္စများကို ကြေညာအသိပေးနိုင်ရေး စီစဉ်ရန်၊

၇။ သဘာဝဘေးကျရောက်နိုင်သည်ဟု ကြိုတင်သတိပေးစနစ်များမှ ရရှိပြီးချိန်တွင် အရေးပေါ်ကာလသတ်မှတ်ပြီး ၎င်းအတွက် သတင်းထုတ်ပြန်မှုကို အကြိမ်ရေများများနှင့် ခပ်စိပ်စိပ်ထုတ်လွှင့်ဖော်ပြပေးရန်၊

၈။ သဘာဝဘေးကျရောက်နေချိန် အခြေအနေများ၊ ထိခိုက်ဒဏ်ရာရ ပျက်စီးဆုံးရှုံးမှုများ၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ထုတ်ပြန်ပေးရန်၊

၉။ သဘာဝဘေးကျရောက်ပြီးချိန်မှစ၍ ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ချက်များကို နေ့စဉ်ထုတ်ပြန်ပေးခြင်း၊ အခြေအနေပေါ်မူတည်၍ Breaking News များ ထုတ်ပြန်ပေးရန်၊

၁၀။ သဘာဝဘေးကျရောက်ပြီးကာလတွင် ကျရောက်ခဲ့သော သဘာဝဘေးနှင့်ပတ်သက်၍ သုံးသပ်ပြီး ဆက်လက်လိုက်နာကျင့်သုံးသင့်သည့် ပညာပေးအစီအစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းထုတ်ပြန်ပေးရန်။

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက် )

အမှတ် ၄၅ ။ ။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံးမှ ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်စေခဲ့သော ကြည်း ၅၈၂၉၈ ဗိုလ်ကြီးကြည်လှိုင်အား ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော လက်ထောက်မန်နေဂျာ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာ၌ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက် )

အမှတ် ၄၆ ။ ။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၀/၂၀၁၃) မှ သဘောတူညီချက်အရ အောက်ဖော်ပြပါ အရာထမ်းများအား ယင်းတို့နှင့်ယှဉ်တွဲပါ ရာထူးနေရာများသို့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးအောင်မျိုးသန့်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်လုပ်ငန်း<br>မော်ကွန်းရုပ်ရှင်ရုံးခွဲ | ဒုတိယညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်လုပ်ငန်း<br>ဇာတ်လမ်းရုပ်ရှင်ရုံးခွဲ |
| (၂) | ဦးရဲလင်းမြင့်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်လုပ်ငန်း<br>ဇာတ်လမ်းရုပ်ရှင်ရုံးခွဲ | ဒုတိယညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်လုပ်ငန်း<br>ရုံးချုပ် |
| (၃) | ဦးခင်မောင်ကြည်<br>ဌာနခွဲမှူး (တာဝန်ခံ)<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်လုပ်ငန်း<br>ဘားအံလုပ်ငန်းစုရုံး | လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်လုပ်ငန်း<br>မော်ကွန်းရုပ်ရှင်ရုံးခွဲ |

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (၄) | ဦးခိုင်လင်း<br>ဌာနခွဲမှူး<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်လုပ်ငန်း<br>နေပြည်တော်လုပ်ငန်းစုရုံး | လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်လုပ်ငန်း<br>ဇာတ်လမ်းရုပ်ရှင်ရုံးခွဲ |

ဦးအောင်ကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၆၄/ ၂၀၁၃

၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက် )

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနသည် ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၃၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **အနည်းဆုံးအခကြေးငွေနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေကို ဆိုသည်။

(ခ) **ကုန်သွယ်ရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းအလုပ်သမား အနည်းဆုံးအခကြေးငွေစိစစ်ရေးလုပ်ငန်းကော်မတီ**ဆိုသည်မှာ အမျိုးသားကော်မတီက ကုန်သွယ်ရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့တွင် လုပ်ကိုင်လျက်ရှိသည့် အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးနှင့် ပြန်လည်သုံးသပ်ရေးတို့ကို ဆောင်ရွက်ရန် ဖွဲ့စည်းပေးသော အနည်းဆုံးအခကြေးငွေစိစစ်ရေးလုပ်ငန်းကော်မတီကို ဆိုသည်။

(ဂ) **စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းအလုပ်သမား အနည်းဆုံးအခကြေးငွေစိစစ်ရေးလုပ်ငန်းကော်မတီ** ဆိုသည်မှာ အမျိုးသားကော်မတီက စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသည့်

အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးနှင့် ပြန်လည်သုံးသပ်ရေးတို့ကို ဆောင်ရွက်ရန် ဖွဲ့စည်းပေးသော အနည်းဆုံးအခကြေးငွေစိစစ်ရေးလုပ်ငန်းကော်မတီကို ဆိုသည်။

(ဃ) **လုပ်ငန်းကော်မတီများ**ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းအလုပ်သမား အနည်းဆုံးအခကြေးငွေစိစစ်ရေးလုပ်ငန်းကော်မတီ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းအလုပ်သမား အနည်းဆုံးအခကြေးငွေစိစစ်ရေးလုပ်ငန်း ကော်မတီနှင့် ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ဈ) အရ အမျိုးသားကော်မတီက ဖွဲ့စည်းတာဝန်ပေးသော အခြားလုပ်ငန်းကော်မတီများကို ဆိုသည်။

(င) **သုံးပွင့်ဆိုင်ကိုယ်စားလှယ်**ဆိုသည်မှာ အစိုးရကိုယ်စားလှယ်၊ အလုပ်ရှင်ကိုယ်စားလှယ်နှင့် အလုပ်သမားကိုယ်စားလှယ်များ ပါဝင်သည့် ကိုယ်စားလှယ်ကို ဆိုသည်။

## အခန်း (၂)
## အမျိုးသားကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၃။ ဝန်ကြီးဌာနသည် အမျိုးသားကော်မတီ ဖွဲ့စည်းခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းခြင်းတို့ ပြုနိုင်ရေးအတွက် အောက်ပါဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ပုဂ္ဂိုလ်များ၏အမည်စာရင်းကို နိုင်ငံတော်သမ္မတထံ တင်ပြရမည် -

(က) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ပေးအပ်သင့်သည့် ကိုယ်စားလှယ်များ၊

(ခ) ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့အစည်း၏ အလုပ်သမားကိုယ်စားလှယ်များ၊

(ဂ) ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့အစည်း၏ အလုပ်ရှင်ကိုယ်စားလှယ်များ၊

(ဃ) စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းအဖွဲ့အစည်း၏ အလုပ်သမားကိုယ်စားလှယ်များ၊

(င) စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းအဖွဲ့အစည်း၏ အလုပ်ရှင်ကိုယ်စားလှယ်များ၊

(စ) အခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းကျွမ်းကျင်ပြီး မျှတစွာဆောင်ရွက်တတ်သူ အခြား ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ပုဂ္ဂိုလ်များ။

၄။ နည်းဥပဒေ ၃ အရ နိုင်ငံတော်သမ္မတထံ တင်ပြရာတွင် -

(က) အလုပ်သမားကိုယ်စားလှယ်နှင့် အလုပ်ရှင်ကိုယ်စားလှယ်ဦးရေ တူညီရမည်။

(ခ) နိုင်ငံတော်သမ္မတက ကိုယ်စားလှယ်များ၏အမည်စာရင်းကို တောင်းဆိုလျှင် ကိုယ်စားလှယ်အမည် စာရင်းကို ထပ်မံတင်ပြရမည်။

၅။ ဝန်ကြီးဌာနက နည်းဥပဒေ ၃ အရ အဆိုပြုတင်ပြသည့် -

(က) အလုပ်သမားနှင့် အလုပ်ရှင်တို့၏ကိုယ်စားလှယ်များသည် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးနှင့် စပ်လျဉ်း၍ မိမိတို့အဖွဲ့အစည်း၏အကျိုးအတွက်သော်လည်းကောင်း၊ အလုပ်သမား သို့မဟုတ် အလုပ်ရှင်တို့၏အကျိုးအတွက်သော်လည်းကောင်း သယ်ပိုးဆောင်ရွက်လိုသူများ ဖြစ်ရမည်။

(ခ) ကျွမ်းကျင်သူပုဂ္ဂိုလ်များသည် သက်ဆိုင်ရာလုပ်ငန်းများတွင် လုပ်ငန်းအတွေ့အကြုံရှိပြီး အလုပ်သမားနှင့် အလုပ်ရှင်တို့အကြား မျှတစွာဆောင်ရွက်သူများ ဖြစ်ရမည်။

၆။ အမျိုးသားကော်မတီသည် -

(က) သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ၏ ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့က တင်ပြလာသည့် အမည်စာရင်းမှ အစိုးရကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့အစည်း သို့မဟုတ် အလုပ်သမားများ၏ကိုယ်စားလှယ်များ၊ အလုပ်ရှင်အဖွဲ့အစည်း သို့မဟုတ် အလုပ်ရှင်များ၏ ကိုယ်စားလှယ်များ၊ အခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းကျွမ်းကျင်ပြီး မျှတစွာ ဆောင်ရွက်မည့်ပုဂ္ဂိုလ်များ ပါဝင်သည့် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီး ကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီများကို ဖွဲ့စည်းပေးရမည်။

(ခ) အလုပ်သမားနှင့်အလုပ်ရှင်တို့၏ ကိုယ်စားလှယ်ဦးရေကို တူညီစွာခန့်ထားရမည်။

(ဂ) နည်းဥပဒေခွဲ (က) အရ ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ်ပေးရမည်။ လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးနိုင်သည်။

(ဃ) ဖွဲ့စည်းထားသော ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီများကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးကို အစားထိုးခန့်ထားခြင်းပြုနိုင်သည်။

၇။ အနည်းဆုံးအခကြေးငွေနှုန်းထားသတ်မှတ်ရေးနှင့် ထိုနှုန်းထားကို ပြန်လည်သုံးသပ်ပြင်ဆင်ရေးတို့နှင့်စပ်လျဉ်း၍ အမျိုးသားကော်မတီ၏ ပုံမှန်အစည်းအဝေးများကို တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပရမည်။ လိုအပ်လျှင် အထူးအစည်းအဝေးများကို ကျင်းပနိုင်သည်။ ထိုသို့ကျင်းပရာတွင် -

(က) အမျိုးသားကော်မတီဝင်အားလုံးကို ဖိတ်ကြားရမည်။

(ခ) အစည်းအဝေးတိုင်း၌ အမျိုးသားကော်မတီ၏ ဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌမတက်ရောက်နိုင်လျှင် ဒုတိယဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ဂ) အစည်းအဝေးတက်ရောက်ခွင့်ရှိသူ၏ ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

(ဃ) အရေးကြီးသော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်ရန်ရှိပါက အမျိုးသားကော်မတီဝင်အားလုံး၏ သုံးပုံနှစ်ပုံ တက်ရောက်ရမည်။

(င) အစည်းအဝေးဆုံးဖြတ်ချက်ကို အစည်းအဝေးတက်ရောက်သူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(စ) အကြောင်းအရာတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လျှို့ဝှက်ဆန္ဒမဲပေးခြင်း၊ မတ်တတ်ရပ်ခြင်း သို့မဟုတ် လက်ထောင်ခြင်း စသည့် ဆန္ဒပြုသည့်နည်းလမ်းများကို အသုံးပြုနိုင်သည်။

၈။ (က) သဘာဝဘေးအန္တရာယ်ကြောင့် စက်ရုံတစ်ရုံ၏ လုပ်ငန်းရပ်ဆိုင်းသွားခဲ့ပါက သက်ဆိုင်ရာပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီမှ စိစစ်ပြီး အမျိုးသားကော်မတီသို့ တင်ပြရမည်။

(ခ) အမျိုးသားကော်မတီသည် နည်းဥပဒေခွဲ (က) အရ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီတို့မှ စိစစ်တင်ပြသောအချက်များကို အလေးထားစဉ်းစားပြီး ထိုစက်ရုံပုံမှန်မလည်ပတ်နိုင်မီအချိန်အတွင်း အလုပ်သမားများ၏ လုပ်ခလစာကို သတ်မှတ်ပေးနိုင်သည်။

## အခန်း (၃)
## ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီများ ဖွဲ့စည်းခြင်း

၉။ သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ၏ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီများ ဖွဲ့စည်းနိုင်ရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားနှင့် အလုပ်ရှင်ကိုယ်စားလှယ်များ၊ အခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာလုပ်ငန်းကျွမ်းကျင်ပြီး မျှတစွာဆောင်ရွက်မည့်ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို အမျိုးသားကော်မတီသို့ တင်ပြရမည်။

၁၀။ အမျိုးသားကော်မတီသည် နည်းဥပဒေ ၉ အရ တင်ပြသည့် ကိုယ်စားလှယ်များဖြင့် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်တီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ၏ကောင်စီမှ တာဝန်ပေးအပ်သည့် ကောင်စီဝင် သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ အလုပ်သမားရေးရာဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ၏ကောင်စီနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တာဝန်ပေးအပ်သူ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်ငါးဦး | အဖွဲ့ဝင်များ |
| (ဃ) | ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း အဖွဲ့အစည်း၏ အလုပ်သမားကိုယ်စားလှယ်ငါးဦး | အဖွဲ့ဝင်များ |
| (င) | ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း အဖွဲ့အစည်း၏ အလုပ်ရှင်ကိုယ်စားလှယ်ငါးဦး | အဖွဲ့ဝင်များ |
| (စ) | အခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းကျွမ်းကျင်ပြီး မျှတစွာဆောင်ရွက်တတ်သူ အခြားပုဂ္ဂိုလ်နှစ်ဦး | အဖွဲ့ဝင်များ |
| (ဆ) | သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ၏ကောင်စီမှ တာဝန်ပေးအပ်သူ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး | အတွင်းရေးမှူး |
| (ဇ) | သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ၏ကောင်စီမှ တာဝန်ပေးအပ်သူ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး | တွဲဖက်အတွင်းရေးမှူး |

## အခန်း (၄)
## အနည်းဆုံးအခကြေးငွေဆိုင်ရာလုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၁။ အမျိုးသားကော်မတီသည် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးနှင့် ပြန်လည်သုံးသပ်ရေးတို့အတွက် လုပ်ငန်းအမျိုးအစားအလိုက် ထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားကော်မတီ၏လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန် အောက်ပါလုပ်ငန်းကော်မတီများကို ဖွဲ့စည်းနိုင်သည် -

(က) ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း အလုပ်သမားများ အနည်းဆုံးအခကြေးငွေစိစစ်ရေးလုပ်ငန်းကော်မတီ၊

(ခ) စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း အလုပ်သမားများ အနည်းဆုံးအခကြေးငွေစိစစ်ရေးလုပ်ငန်းကော်မတီ၊

(ဂ) အနည်းဆုံးအခကြေးငွေဆိုင်ရာသုတေသနပြုလုပ်ရေးနှင့် အကြံပေးလုပ်ငန်းကော်မတီ၊

(ဃ) အခြားလိုအပ်သော လုပ်ငန်းကော်မတီများ။

၁၂။ အမျိုးသားကော်မတီသည် ကော်မတီဝင်များထဲမှ အစိုးရဌာနအဖွဲ့အစည်းကိုယ်စားလှယ်များ၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့အစည်းများ၏ အလုပ်သမားနှင့် အလုပ်ရှင်ကိုယ်စားလှယ်များ ပါဝင်သည့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း အလုပ်သမားများ အနည်းဆုံးအခကြေးငွေစိစစ်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။

၁၃။ နည်းဥပဒေ ၁၂ အရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီသည် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီများ၏ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အကြံပြုချက်များနှင့်စပ်လျဉ်း၍ စိစစ်တွက်ချက်ပြီး အမျိုးသားကော်မတီသို့ သဘောထားမှတ်ချက်များ တင်ပြရမည်။

၁၄။ အမျိုးသားကော်မတီသည် ကော်မတီဝင်များထဲမှ အစိုးရဌာနအဖွဲ့အစည်းကိုယ်စားလှယ်များ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းအဖွဲ့အစည်း၏ အလုပ်သမားနှင့် အလုပ်ရှင်ကိုယ်စားလှယ်များ ပါဝင်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း အလုပ်သမားများ အနည်းဆုံးအခကြေးငွေစိစစ်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။

၁၅။ နည်းဥပဒေ ၁၄ အရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီသည် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီများ၏ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အကြံပြုချက်များနှင့်စပ်လျဉ်း၍ စိစစ်တွက်ချက်ပြီး အမျိုးသားကော်မတီသို့ သဘောထားမှတ်ချက်များ တင်ပြရမည်။

၁၆။ အမျိုးသားကော်မတီသည် လုပ်ငန်းအမျိုးအစားအလိုက် အနည်းဆုံးအခကြေးငွေဆိုင်ရာကျွမ်းကျင်သူများနှင့် ပညာရှင်များ ပါဝင်သည့် အနည်းဆုံးအခကြေးငွေဆိုင်ရာသုတေသနပြုလုပ်ရေးနှင့် အကြံပေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။

၁၇။ နည်းဥပဒေ ၁၆ အရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီသည် -

(က) လုပ်ငန်းအမျိုးအစားအလိုက်သော်လည်းကောင်း၊ ဒေသအလိုက်သော်လည်းကောင်း အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးနှင့်စပ်လျဉ်း၍ အခြေခံရမည့် အချက်များအပေါ် စာရင်းစစ်တမ်းများကောက်ယူခြင်း၊ သုတေသနပြုခြင်း၊ အနည်းဆုံးအခကြေးငွေကောက်ယူရေးနည်းလမ်းများကို လေ့လာခြင်းနှင့် သတ်မှတ်သင့်သော သို့မဟုတ် ပြင်ဆင်သတ်မှတ်သင့်သော အနည်းဆုံးအခကြေးငွေနှုန်းထားများကို အမျိုးသားကော်မတီသို့ အကြံပြုချက်များ တင်ပြရမည်။

(ခ) အမျိုးသားကော်မတီ၏ ပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေးများတွင် တက်ရောက်ဆွေးနွေးခွင့်နှင့် အကြံပြုခွင့်ရှိသည်။

၁၈။ အနည်းဆုံးအခကြေးငွေဆိုင်ရာလုပ်ငန်းကော်မတီများသည် လိုအပ်ပါက ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ စာရင်းစစ်တမ်းကောက်ယူခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

## အခန်း (၅)
## သက်ဆိုင်သည့်လုပ်ငန်းအမျိုးအစားများ

၁၉။ အမျိုးသားကော်မတီသည် အနည်းဆုံးအခကြေးငွေဆိုင်ရာပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့် အလုပ်သမားငါးဦးနှင့်အထက်ဖြင့် လုပ်ကိုင်သော ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတို့တွင် ပါဝင်သော လုပ်ငန်းအမျိုးအစားများကို နိုင်ငံတစ်ဝန်းလုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသအလိုက်ဖြစ်စေ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်။

၂၀။ နည်းဥပဒေ ၁၉ အရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရာတွင် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းအမျိုးအစားများဖြင့် သတ်မှတ်နိုင်သည် -

(က) ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများ၊

(ခ) စက်ရုံ၊ အလုပ်ရုံနှင့် အထွေထွေအင်ဂျင်နီယာလုပ်ငန်းများ၊

(ဂ) သတ္တု၊ တွင်းထွက်ပစ္စည်းနှင့် ကျောက်မျက်ရတနာလုပ်ငန်းများ၊

(ဃ) စားသောက်ကုန်လုပ်ငန်းများ၊

(င) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းလုပ်ငန်းများ၊

(စ) စက္ကူနှင့်ပုံနှိပ်လုပ်ငန်းများ၊

(ဆ) သစ်နှင့်သစ်တောထွက် အခြေခံစက်မှုလက်မှုလုပ်ငန်းများ၊

(ဇ) ကြွေထည်၊ မြေထည်၊ စဉ့်ထည်နှင့် အုတ်ဖုတ်လုပ်ငန်းများ၊

(ဈ) လူသုံးကုန်ပစ္စည်းလုပ်ငန်းများ၊

(ည) လျှပ်စစ်နှင့်ဆက်စပ်ပစ္စည်းလုပ်ငန်းများ၊

(ဋ) ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာဆိုင်ရာလုပ်ငန်းများ၊

(ဌ) ငါးဖမ်းလုပ်ငန်းနှင့် ရေထွက်ပစ္စည်းဆက်စပ်ထုတ်လုပ်သည့် လုပ်ငန်းများ၊

(ဍ) အထွေထွေစီးပွားရေးနှင့်ဝန်ဆောင်မှုလုပ်ငန်းများ၊

(ဎ) ဆိုင်များ၊ ကုန်သွယ်အလုပ်ဌာနများနှင့် အများပြည်သူဖျော်ဖြေရေးအလုပ်ဌာနများ၊

(ဏ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊

(တ) ကုန်တင်ကုန်ချအလုပ်သမားများဖြင့် လုပ်ကိုင်သောလုပ်ငန်းများ၊

(ထ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ၊

(ဒ) အမျိုးသားကော်မတီက အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခါအားလျော်စွာသတ်မှတ်သော အခြား ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့်ဝန်ဆောင်မှုလုပ်ငန်းများ။

၂၁။ နည်းဥပဒေ ၁၉ အရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရာတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါ လုပ်ငန်းအမျိုးအစားများဖြင့် သတ်မှတ်နိုင်သည် -

(က) လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်ခြံမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ၊

(ခ) ကုန်းနေ၊ ရေနေသတ္တဝါမွေးမြူခြင်း၊ ခြံမွေး၊ အိမ်မွေးတိရစ္ဆာန် မွေးမြူခြင်းလုပ်ငန်းများ၊ ပျားမွေးမြူရေး၊ ပိုးမွေးမြူရေးလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများ၊

(ဂ) အမျိုးသားကော်မတီက အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခါအားလျော်စွာသတ်မှတ်သော အခြား စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းနှင့်သက်ဆိုင်သောလုပ်ငန်းများ။

## အခန်း (၆)

## အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးနှင့်စပ်လျဉ်း၍ အခြေခံရမည့်အချက်များ

၂၂။ အမျိုးသားကော်မတီက အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းပြုရာတွင် သော်လည်းကောင်း၊ အနည်းဆုံးအခကြေးငွေဆိုင်ရာလုပ်ငန်းကော်မတီများက အကြံပြုချက်များနှင့် သဘောထားမှတ်ချက်များ တင်ပြရာတွင်သော်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီး ကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီများက လေ့လာစိစစ်တွက်ချက်ပြီး အကြံပြုခြင်းနှင့် ပြန်လည် သုံးသပ်ခြင်းပြုရာတွင်သော်လည်းကောင်း ဥပဒေအခန်း (၅)၊ ပုဒ်မ ၇ တွင် ပြဋ္ဌာန်းထားသည့် အခြေခံရမည့် အချက်များနှင့် ထိုအခြေခံရမည့်အချက်များအပေါ် သုတေသနပြုတွေ့ရှိချက်များအား ထည့်သွင်းစဉ်းစား၍ စိစစ်တွက်ချက်ခြင်းပြုရမည်။

၂၃။ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေး၊ ပြန်လည်သုံးသပ်ရေးတို့နှင့်စပ်လျဉ်း၍ ဥပဒေအခန်း (၅)၊ ပုဒ်မ ၇ ပါ အခြေခံရမည့်အချက်များအပြင် အောက်ဖော်ပြပါအချက်များကို လေ့လာစိစစ်ပြီး ထည့်သွင်း တွက်ချက်ရမည် -

(က) စားသုံးသူဈေးဆနှုန်း၊

(ခ) ကုန်စည်ဈေးနှုန်းနှင့်ဝန်ဆောင်ခများ၊

(ဂ) ငွေကြေးဖောင်းပွမှုနှုန်း၊

(ဃ) ကျေးလက်ဒေသတွင် စက်မှုလုပ်ငန်းများရင်းနှီးမြှုပ်နှံရေးအတွက် လိုအပ်ချက်များ၊

(င) ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် အခြားကုန်ကျစရိတ်များ၊

(စ) အလုပ်သမားများ၏ ကုန်ထုတ်လုပ်မှုစွမ်းအား၊

(ဆ) အလုပ်ရှင်က လုပ်ခပေးစွမ်းနိုင်မှုအခြေအနေ၊

(ဇ) နိုင်ငံတော်၏လူမှုစီးပွားရေးအခြေအနေများ၊

(ဈ) ပြောင်းလဲလာသော အခြေအနေနှင့်အညီ ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် အခါအားလျော်စွာ သတ်မှတ်သော အခြားအချက်များ။

## အခန်း (၇)

## အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးအတွက် အကြံပြုချက်များတင်ပြခြင်း

၂၄။ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီတို့သည် အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ -

(က) အနည်းဆုံးအခကြေးငွေသတ်မှတ်ရာတွင် လက်ရှိဖြစ်ပေါ်နေသော စီးပွားရေး၊ လူမှုရေးအခြေ အနေများနှင့် အခြေခံသင့်သည့်အချက်များကို အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ် စာရင်းစစ်တမ်း များကောက်ယူ၍ စိစစ်တွက်ချက်ခြင်းတို့ကို ပြုလုပ်ရမည်။

(ခ) သက်ဆိုင်ရာကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း အမျိုးအစားအလိုက်သော်လည်းကောင်း၊ ဒေသအလိုက်သော်လည်းကောင်း အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးကိစ္စနှင့်စပ်လျဉ်း၍ အခြေခံသင့်သည့်အချက်များနှင့် ထည့်သွင်းစဉ်းစားရမည့်အချက်များကို လေ့လာပြီး သတ်မှတ်သင့်သည့်နှုန်းထားများကို အမျိုးသားကော်မတီသို့ အကြံပြုချက်များ တင်ပြရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ တင်ပြရာတွင် အလုပ်ကျွမ်းကျင်မှုနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ရှိမှုအလိုက် လေ့လာစိစစ်ပြီး အလုပ်ချိန် တစ်နာရီ၊ တစ်ရက်၊ ရက်သတ္တတစ်ပတ်၊ တစ်လ၊ အခြားအချိန်ပိုင်း အလုပ်တစ်ခုခုအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးအတွက် အကြံပြုချက်များ ထည့်သွင်းတင်ပြရမည်။

(ဃ) သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေ အမိန့်ကြော်ငြာစာနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းအမျိုးအစားအလိုက်သော်လည်းကောင်း၊ ဒေသအလိုက်သော်လည်းကောင်း အလုပ်ကျွမ်းကျင်မှုနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ရှိမှုတို့ကို ခွဲခြား၍ ပြောင်းလဲလာသော အခြေအနေအရပ်ရပ်တို့နှင့်အညီ နှစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်စိစစ်ပြီး သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေမှာ လိုက်လျောညီထွေမှုမရှိပါက ပြန်လည်သုံးသပ်၍ ပြင်ဆင်သတ်မှတ်နိုင်ရေးအတွက် အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်သင့်သည့်နှုန်းထားများကို အမျိုးသားကော်မတီသို့ အကြံပြုတင်ပြရမည်။

၂၅။ အမျိုးသားကော်မတီ၏ အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားအပေါ် ကျိုးကြောင်းဆီလျော်သော ကန့်ကွက်ချက်ရှိခဲ့လျှင် ထိုကန့်ကွက်သောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် ပြည်ထောင်စုနယ်မြေကော်မတီ၊ သက်ဆိုင်ရာတိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီတို့၏ ကိုယ်စားလှယ်များ ညှိနှိုင်းပြီး သတ်မှတ်သင့်သော အနည်းဆုံးအခကြေးငွေနှုန်းထားကို အမျိုးသားကော်မတီသို့ ပြန်လည်တင်ပြရမည်။

၂၆။ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့အစည်းကဖြစ်စေ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းအဖွဲ့အစည်းကဖြစ်စေ မိမိတို့၏လုပ်ငန်းအလိုက် သို့မဟုတ် ဒေသအလိုက် အလုပ်သမားများအတွက် သတ်မှတ်သင့်သည့် အနည်းဆုံးအခကြေးငွေနှုန်းထားများကို ပြည်ထောင်စုနယ်မြေကော်မတီ၊ သက်ဆိုင်ရာတိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီသို့ အဆိုပြုချက်များနှင့် အကြံပြုချက်များ တင်ပြနိုင်သည်။

၂၇။ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီသည် နည်းဥပဒေ ၂၆ အရ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့အစည်းကဖြစ်စေ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းအဖွဲ့အစည်းကဖြစ်စေ အကြံပြုတင်ပြသော အနည်းဆုံးအခကြေးငွေပြင်ဆင်သတ်မှတ်သင့်သည့် နှုန်းထားများနှင့်စပ်လျဉ်း၍ စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် အမျိုးသားကော်မတီသို့ အကြံပြုတင်ပြရမည်။

၂၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း တည်ထောင်ထားသော အထူးစီးပွားရေးဇုန်များရှိ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးနှင့်စပ်လျဉ်း၍ -

(က) သက်ဆိုင်ရာအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်သင့်သည့် အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီနှင့် ညှိနှိုင်း၍ အမျိုးသားကော်မတီသို့ အကြံပြုတင်ပြရမည်။

(ခ) အမျိုးသားကော်မတီသည် နည်းဥပဒေခွဲ (က) အရ အကြံပြုချက်အပေါ် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးနှင့်စပ်လျဉ်း၍ ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးရမည်။

၂၉။ သက်ဆိုင်ရာအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီက အထူးစီးပွားရေးဇုန်အတွင်းရှိ အလုပ်သမားများအတွက် သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေနှုန်းထားများနှင့်စပ်လျဉ်း၍ ပြောင်းလဲလာသော အခြေအနေအရပ်ရပ်တို့နှင့်အညီ နှစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်စိစစ်ပြီး သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေမှာ လိုက်လျောညီထွေမှုမရှိပါက ပြန်လည်သုံးသပ်၍ ပြင်ဆင်သတ်မှတ်နိုင်ရေးအတွက် အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်သင့်သည့်နှုန်းထားများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီနှင့် ညှိနှိုင်း၍ အမျိုးသားကော်မတီသို့ အကြံပြုတင်ပြနိုင်သည်။

## အခန်း (၈)

## အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်း

၃၀။ အမျိုးသားကော်မတီသည် -

(က) အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးအတွက် အခြေခံသင့်သည့်အချက်များနှင့်စပ်လျဉ်း၍ အစီအစဉ်များ ချမှတ်ပြီး အမျိုးသားအဆင့်မူဝါဒများ ချမှတ်ခြင်း၊ သုတေသနပြုလုပ်စေခြင်း၊ စာရင်းစစ်တမ်းများ ကောက်ယူ၍ စိစစ်တွက်ချက်စေခြင်းတို့ ပြုရမည်။

(ခ) လက်ရှိဖြစ်ပေါ်နေသော စီးပွားရေးနှင့်လူမှုရေးအခြေအနေပေါ် မူတည်၍ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးအတွက် သုတေသနပြုလုပ်ချက်နှင့် စစ်တမ်းများကို လေ့လာစိစစ်တွက်ချက်ပြီး အကြံပြုချက်များတင်ပြရေးနှင့်စပ်လျဉ်း၍ ချမှတ်ထားသော အမျိုးသားအဆင့်မူဝါဒများနှင့်အညီ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီများအား လမ်းညွှန်ရမည်။

၃၁။ အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီများသည် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီများ၏ အကြံပြုချက်များအပေါ် အောက်ပါအချက်များကို အဓိကထည့်သွင်းစဉ်းစားရမည် -

(က) ဒေသအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက် အလုပ်ကျွမ်းကျင်မှုနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ရှိမှုတို့ကို ခွဲခြားစိစစ်ရရှိချက်များ၊

(ခ) အနည်းဆုံးအခကြေးငွေနှင့်စပ်လျဉ်း၍ တင်ပြလာသည့် အခက်အခဲပြဿနာများနှင့် တိုင်ကြားချက်များ။

၃၂။ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့်ဝန်ဆောင်မှုလုပ်ငန်းအလုပ်သမား အနည်းဆုံးအခကြေးငွေစိစစ်ရေးလုပ်ငန်းကော်မတီသည် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီများက တင်ပြသော အကြံပြုချက်များတွင် ပါရှိသည့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့်ဝန်ဆောင်မှုလုပ်ငန်းအလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးနှင့်စပ်လျဉ်း၍ အခြေခံရမည့်အချက်များကို သုတေသနပြုလုပ်ချက်များနှင့် စစ်တမ်းများဖြင့် နှိုင်းယှဉ်စိစစ်တွက်ချက်ပြီး လုပ်ငန်းအလိုက်၊ ဒေသအလိုက် သတ်မှတ်သင့်သော အနည်းဆုံးအခကြေးငွေနှုန်းထားများအား အမျိုးသားကော်မတီသို့ သဘောထားမှတ်ချက်များ တင်ပြရမည်။

၃၃။ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းအလုပ်သမား အနည်းဆုံးအခကြေးငွေစိစစ်ရေးလုပ်ငန်းကော်မတီသည် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီများက တင်ပြသော အကြံပြုချက်များတွင်ပါရှိသည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းအလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးနှင့်စပ်လျဉ်း၍ အခြေခံရမည့်အချက်များကို သုတေသနပြုလုပ်ချက်များနှင့် စစ်တမ်းများဖြင့် နှိုင်းယှဉ်စိစစ်တွက်ချက်ပြီး လုပ်ငန်းအလိုက်၊ ဒေသအလိုက် သတ်မှတ်သင့်သော အနည်းဆုံးအခကြေးငွေနှုန်းထားများအား အမျိုးသားကော်မတီသို့ သဘောထားမှတ်ချက်များ တင်ပြရမည်။

၃၄။ အမျိုးသားကော်မတီသည် -

(က) အနည်းဆုံးအခကြေးငွေကို နိုင်ငံတစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက်သော်လည်းကောင်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့်ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအမျိုးအစားအလိုက်သော်လည်းကောင်း အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးကိစ္စနှင့်စပ်လျဉ်း၍ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲရေးကော်မတီက သက်ဆိုင်ရာတိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီနှင့်ညှိနှိုင်း၍ တင်ပြလာသည့် အကြံပြုချက်များ၊ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီများ၏ အကြံပြုချက်များနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီ၏ သဘောထားမှတ်ချက်များကို လေ့လာစိစစ်ပြီး သတ်မှတ်သင့်သည့် အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားများကို အများပြည်သူသိရှိစေရန်နှင့် ကန့်ကွက်လိုက ကန့်ကွက်နိုင်ရန် အနည်းဆုံး ရက်ပေါင်း (၆၀) ကြိုတင်၍ ထုတ်ပြန်ကြေညာရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ထုတ်ပြန်ကြေညာရာတွင် နိုင်ငံတော်ပြန်တမ်းနှင့် သတင်းစာတို့တွင် ထည့်သွင်းကြေညာရန်အတွက်သော်လည်းကောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အလုပ်ရှင်နှင့် အလုပ်သမားများ သိရှိနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ အသိပေးခြင်းနှင့် ထုတ်ပြန်ကြေညာခြင်းတို့ ပြုရန်အတွက်သော်လည်းကောင်း ဦးစီးဌာနအား တာဝန်ပေးရမည်။

၃၅။ ဦးစီးဌာနသည် -

(က) အမျိုးသားကော်မတီ၏ တာဝန်ပေးအပ်ချက်အရ သတ်မှတ်သော အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားများကို အများပြည်သူသိရှိစေရန်နှင့် ကန့်ကွက်လိုက ကန့်ကွက်နိုင်ရန် အနည်းဆုံး ရက်ပေါင်း (၆၀) ကြိုတင်၍ ထုတ်ပြန်ပြီး နိုင်ငံတော်ပြန်တမ်းနှင့်သတင်းစာတို့တွင် ထည့်သွင်းကြေညာရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ကြေညာရမည့်အပြင် သက်ဆိုင်ရာကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့်ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့အစည်းများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းအဖွဲ့အစည်းများ အလုပ်ရှင်နှင့်အလုပ်သမားများ သိရှိနိုင်ရန်ဆောင်ရွက်ရမည်။ ထို့ပြင် အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားများကို အလုပ်သမားများ သိရှိနိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းခွင်များတွင် အသိပေးပြောကြားစေခြင်း၊ ကြေညာခြင်း သို့မဟုတ် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ ပြုလုပ်ရန် သက်ဆိုင်ရာအလုပ်ရှင်များအား ညွှန်ကြားရမည်။

၃၆။ အမျိုးသားကော်မတီသည် -

(က) အများပြည်သူသိရှိရန် ကြေညာပြီးနောက် ရက်ပေါင်း (၆၀) ပြည့်မြောက်သည့်အခါ ကန့်ကွက်ချက်မရှိလျှင် သက်ဆိုင်ရာအနည်းဆုံးအခကြေးငွေနှုန်းထားကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ သတ်မှတ်သည့် အနည်းဆုံးအခကြေးငွေနှုန်းထားကို အများပြည်သူသိရှိနိုင်ရန် အမိန့်ကြော်ငြာစာကို နိုင်ငံတော်ပြန်တမ်းနှင့် သတင်းစာတို့တွင် ထည့်သွင်းကြေညာရေးတို့အတွက် ဦးစီးဌာနကို တာဝန်ပေးရမည်။

၃၇။ နည်းဥပဒေ ၃၆ အရ အများပြည်သူသိရှိရန် ကြေညာသည့် အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူ သို့မဟုတ် ကန့်ကွက်လိုသည့် အဖွဲ့အစည်း သို့မဟုတ် ပြင်ဆင်ရန်အဆိုပြုလိုသူ သို့မဟုတ် ပြင်ဆင်ရန်အဆိုပြုလိုသည့် အဖွဲ့အစည်းသည် ပူးတွဲပါပုံစံအတိုင်း ဖြည့်စွက်၍ ရက်သတ္တနှစ်ပတ်အတွင်း ပြည်ထောင်စုနယ်မြေကော်မတီ၊ သက်ဆိုင်ရာတိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီသို့ တင်ပြရမည့်အပြင် မိတ္တူကို အမျိုးသားကော်မတီနှင့် ဦးစီးဌာနသို့ ပေးပို့ရမည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်<br>( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက် ) | **သောကြာနေ့** |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## <u>အပိုင်း ၂</u>

### နိုင်ငံတော်သမ္မတရုံး
### အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၃)

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက် )

ခွင့်ပြုထားသည့် နိုင်ငံတော်သမ္မတရုံး ဖွဲ့စည်းပုံအရ နိုင်ငံတော်သမ္မတရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၆) တွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူး လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) နေရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဗရတ်ဆင်းအား လုပ်ငန်းတာဝန် ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

လှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အမိန့်ကြော်ငြာစာ (၆၆/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်
( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် )

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ စဝ်စံထွန်းရပ်ကွက်၊ အကွက်အမှတ်/အမည် (၁၁၆/ညောင်ပင်သာမြောက်ရပ်)၊ ဦးပိုင်အမှတ် (၆)၊ မြေကွက်အမှတ် (၄)၊ သာသနာ့မြေဧရိယာ **(၀. ၃၆၇) ဧက**အား **“ဗောဓိရတနာပရိယတ္တိစာသင်တိုက်”** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၆၇/၂၀၁၃)

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ ကံကြီးရပ်ကွက်၊ အကွက်အမှတ်/အမည် (၁၉၄/စေတီကွင်းရပ်)၊ ဦးပိုင်အမှတ် (၉) ရှိ မြေဧရိယာ **(၂. ၈၉၀) ဧကအား "ရွှေမောင်းတောင် ပရိယတ္တိစာသင်တိုက်"** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

ထွန်းလှအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၃၁ ရက် )

အမှတ် ၁ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၃ ခုနှစ်၊ မေလ ၃၀ ရက်စွဲပါ စာအမှတ်၊ ၃၇၈/၁၃၅/၂၀၁၃/တမ-၂ ကို ရည်ညွှန်းလျက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၆၇၃ (ဃ)/၄-နစရ/ဝကရ (၉၃၆) အရ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၁၆) ဦးအား ဦးစီးအရာရှိရာထူး လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) နေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ဌာနခွဲ/ဒေသ |
|---|---|---|
| ၁။ | ဦးလှမြင့် | နယ်လှည့်ဖွံ့ဖြိုးရေးအဖွဲ့ (ချင်းရွှေဟော်) |
| ၂။ | ဦးသက်နိုင်ဝင်း | ဝန်ထမ်းရေးရာ (ရုံးတွင်း) |
| ၃။ | ဦးခွန်ရဲမင်းဇော် | နယ်လှည့်ဖွံ့ဖြိုးရေးအဖွဲ့ (ပင်လောင်း) |
| ၄။ | ဦးစိုးပိုင် | ဖွံ့ဖြိုးမှုကြီးကြပ်ရေးအဖွဲ့ခွဲရုံး (မိုးထ) |
| ၅။ | ဦးဒေါ်နလေး (ခ) ဦးနေလင်း | နယ်လှည့်ဖွံ့ဖြိုးရေးအဖွဲ့ (မဲ့စဲ့) |
| ၆။ | ဦးသိန်းအောင် (၁) | ဖွံ့ဖြိုးမှုကြီးကြပ်ရေးအဖွဲ့ခွဲရုံး (တောင်ပြိုလက်ဝဲ) |
| ၇။ | ဒေါ်ခင်မာဝင်း | ဝန်ထမ်းရေးရာ (ရုံးတွင်း) |
| ၈။ | ဒေါ်နန်းသန်းသန်းထွေး | ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ဘားအံ) |
| ၉။ | ဦးကျော်ဆွေဦး | ဝယ်ယူဖြန့်ဖြူးရေး |
| ၁၀။ | ဦးဘိုဘိုကျော် | ဖွံ့ဖြိုးမှုကြီးကြပ်ရေးအဖွဲ့ခွဲရုံး (လွယ်ဂျယ်) |
| ၁၁။ | ဒေါ်အေးစိုးအောင် | ရသုံးမှန်းခြေ |
| ၁၂။ | ဒေါ်သင်းသင်းဝေ | ထောက်ပံ့၊ ဆက်သွယ်ရေး၊ မော်တော်ယာဉ် |
| ၁၃။ | ဒေါ်မာလာဝင်း | ဝန်ထမ်းရေးရာ (ရုံးတွင်း) |
| ၁၄။ | ဦးရဲထွန်း | ငွေစာရင်း |
| ၁၅။ | ဦးညွန့်ဝင်း | စီမံကိန်းနှင့်စာရင်းအင်း |
| ၁၆။ | ဦးဝင်းသိန်း | ဖွံ့ဖြိုးမှုကြီးကြပ်ရေးအဖွဲ့ခွဲရုံး (မအီ) |

ထွေးလှ၊
ညွှန်ကြားရေးမှူးချုပ်၊
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်<br>( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက် ) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**လျှောက်လွှာခေါ်ယူခြင်း**

**ကြော်ငြာစာအမှတ် ၁၀/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက် )

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည် -

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| လက်ထောက်ဆရာဝန် | (၁၁၆၄) နေရာ | ဆေးပညာဘွဲ့ **[M.B.B.S]**<br>[၂၀၁၃ ခုနှစ်၊ မတ်လအထိ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။] |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်၊

(ခ) ၁၇-၉-၂၀၁၃ ရက်နေ့တွင် အသက် ၃၅ နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇)၊ နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ဝယ်ယူလျှောက်ထားနိုင်ပြီး ၁၇-၉-၂၀၁၃ နေ့ အရောက် လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးတို့ထံ ပေးပို့လျှောက်ထားရမည်။ **လျှောက်ထားရာတွင် မိမိတို့ အမှန်တကယ် ရေးဖြေစာမေးပွဲဖြေဆိုမည့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနကို တိတိကျကျ ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။**

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍

ဤအဖွဲ့၏ ၂၇-၆-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၁၁၇/ရွေးချယ်ရေး (အဓိက)/ ၂၀၁၃ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ ရေးဖြေစာမေးပွဲကို **နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနများ**တွင် ကျင်းပမည်။ ၇-၁၂-၂၀၁၃ ရက် (စနေနေ့) တွင် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာများကိုလည်းကောင်း၊ ၈-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့) တွင် အင်္ဂလိပ်စာဘာသာကိုလည်းကောင်း ဖြေဆိုရမည်။

၆။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၅-၁၂-၂၀၁၃ ရက်နေ့မှစ၍ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင် ထုတ်ပေးမည်။

၇။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၀၉၀၅၂ နှင့် ၀၆၇-၄၀၉၄၃၀) (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၈။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း ဖော်ပြထားပါသည်။

အမိန့်အရ

ဝေမြင့်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရာထူးဝန်အဖွဲ့။

In the matter of the Myanmar Companies Act

**YANGON WOOD INDUSTRIES LIMITED**

(In Members' Voluntary Liquidation)

Notice Under section 206 (1)

In accordance with the **Yangon Wood Industries Limited** extraordinary general meeting resolution which was passed at (10-9-2013), the Company voluntarily wound up by the members with effect from t he date and U Kyaw Nyunt (B.A, D.S, C.P.A) be appointed as Liquidator and on that meeting.

The undersigned Liquidator of the above named Company have, therefore fixed (13-10-2013) as the day on or before which the creditors of the company are to prove their debt or claims failing which they will be excluded from the benefit of any distribution made before such debts are proved.

All persons claiming to be creditors of the above company are therefore requested to submit details of their claims together with any documentary evidence in their possession to the liquidator at the address give below before the above date.

Mr. Philippe Maudet
Managing Director,
Yangon Wood Industries Limited

U Kyaw Nyunt
Liquidator
11 (A/B), Hanthawaddy Street, Sanchaung T/S

## ဂုဏ်ထူးဆောင် အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်
## PRESTIGE INTERNATIONAL CO., LTD.
## အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၁၂) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဂုဏ်ထူးဆောင် အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက် (PRESTIGE INTERNATIONAL CO., LTD.)** အား (၁၂-၉-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၁၃) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးခင်မောင်ဝင်း
Managing Director
Prestige International Co., Ltd.

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## မင်းအုံးဖေ အပြည်ပြည်ဆိုင်ရာရောင်းဝယ်ရေးကုမ္ပဏီလီမိတက်
## MIN OHN PE INT'L TRADING CO., LTD
အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **မင်းအုံးဖေ အပြည်ပြည်ဆိုင်ရာရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (MIN OHN PE INT'L TRADING CO., LTD)** အား (၅-၉-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ **[B.Com (Q), C.P.A]** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးမင်းအုံးဖေ
မန်နေးဂျင်းဒါရိုက်တာ
မင်းအုံးဖေ အပြည်ပြည်ဆိုင်ရာရောင်းဝယ်ရေး
ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ [B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ဝင်းချယ်ရီ ကားဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီလီမိတက်
## WIN CHERRY AUTO SERVICES CO., LTD

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **ဝင်းချယ်ရီ ကားဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီလီမိတက် (WIN CHERRY AUTO SERVICES CO., LTD)** အား (၅-၉-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်း ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ **[B.Com (Q), C.P.A]** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်ဝင်း
မန်နေးဂျင်းဒါရိုက်တာ
ဝင်းချယ်ရီ ကားဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ [B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## နဂါးနီ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်
## NAGAR NI TRADING CO., LTD

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **နဂါးနီ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (NAGAR NI TRADING CO., LTD)** အား (၅-၉-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်း ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ **[B.Com (Q), C.P.A]** အား စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အုတ်ကတ်
မန်နေးဂျင်းဒါရိုက်တာ
နဂါးနီ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ [B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## နဂါးနီ ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်
## NAGAR NI GEMS COMPANY LIMITED

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **နဂါးနီ ကျောက်မျက်ရတနာကုမ္ပဏီလီမိတက် (NAGAR NI GEMS COMPANY LIMITED)** အား (၅-၉-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ **[B.Com (Q), C.P.A]** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အုတ်ကတ်
မန်နေးဂျင်းဒါရိုက်တာ
နဂါးနီ ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ [B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## စင်ထရယ်ပဲလေ့(စ်) ဂရု(ပ်) ကုမ္ပဏီလီမိတက်
## CENTRAL PALACE GROUP CO., LTD

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **စင်ထရယ်ပဲလေ့(စ်) ဂရု(ပ်) ကုမ္ပဏီလီမိတက် (CENTRAL PALACE GROUP CO., LTD)** အား (၅-၉-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ **[B.Com (Q), C.P.A]** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်ဦး
မန်နေးဂျင်းဒါရိုက်တာ
စင်ထရယ်ပဲလေ့(စ်) ဂရု(ပ်) ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ [B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င) အရ ကြော်ငြာစာ

**ထွန်းနှင့်သူငယ်ချင်းများ ဟော်တယ်လုပ်ငန်းကုမ္ပဏီလီမိတက်**

**(TUN & FRIENDS HOTEL COMPANY LIMITED)**

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါ ကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက် နံနက် (၉း၀၀) နာရီအချိန်တွင် နံပါတ်၊ ၃၅/၃၇၊ ယမုံနာလမ်း၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်။

၂။ ၎င်းနှင့်ပတ်သက်သည့်အချက်အလက်များ ရှင်းပြရန်။

ဒေါ်မြမြဝင်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၉)၊ (၆) လွှာ၊ ပန်းခြံလမ်း၊ (၃) ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၁၃-၉-၂၀၁၃။